မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၃ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၅၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူလ်ဂေးရီးယားသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၁၂ ခုနှစ် မတ် ၃ ရက်တွင်ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာရိုဇန်၊ ပလန်နီလိဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတိုင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိ

နေပြည်တော် မတ် ၂

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် သာသနာ့ဗိမာန်၌ ကျင်းပသည့် ''ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး'' တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် သာသနာ့ဗိမာန်၌ ကျင်းပသည့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဆွေ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်ဝင်းနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းများမှ အဖွဲ့ဝင်များ၊ ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၉ အုပ်စုမှ ဒေသခံပြည်သူ ၃၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက မည်သို့ ပံ့ပိုးဆောင်ရွက်နေသည်၊ ဒေသခံပြည်သူများက မည်ကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ကို ***စာမျက်နှာ ၃ ကော်လံ ၁*** *

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ငမိုးရိပ်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ငမိုးရိပ်ရေထိန်းတံခါးဖွင့် လယ်မြေဧက ၁၀၀၀၀ ခန့် မိုးစပါး၊ နွေစပါး၊ သီးထပ်သီးညှပ် အောင်မြင်စွာစိုက်ပျိုးနိုင်မည်

ရန်ကုန် မတ် ၂

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ငမိုးရိပ်ရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ငမိုးရိပ်ရေထိန်းတံခါးဖွင့်ပွဲခန်းမ၌ ကျင်းပသည်။

ငမိုးရိပ်ရေထိန်းတံခါးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေချိုဂါလန်သန်းပေါင်း ၄၈၇၈၀ သိုလှောင်ထားနိုင်သော ငမိုးရိပ်ဆည်တာတမံကြီး၏ ဒေသနေပြည်သူများအတွက် သောက်သုံးရေလိုအပ်ချက်၊ စိုက်ပျိုးရေလိုအပ်ချက်နှင့် နွေရာသီတွင် ရေငန်နှင့် နုန်းများ ဝင်ရောက်ခြင်းမှ တားဆီးကာကွယ်ရန်၊ မိုးရာသီတွင် ဒီရေဝင်ရောက်ခြင်းကို ကာကွယ်ရန်၊ လယ်မြေဧက ၁၀၀၀၀ ခန့်ကို မိုးစပါး၊ နွေစပါး၊ သီးထပ်သီးညှပ် အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်အတွက် တည်ဆောက်အကောင်အထည်ဖော်ခဲ့သော ရေထိန်းတံခါးစီမံကိန်းလုပ်ငန်းကြီး ဖြစ်သည်။

စီမံကိန်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၊ ဇန်နဝါရီလတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး တစ်နှစ်ကျော်ကာလအတွင်း အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ငမိုးရိပ် ရေထိန်းတံခါးကြီးသည် မူလစီမံကိန်းလျာထားချက်နှင့်အညီ ဒဂုံမြို့သစ်အတွင်း ဧက ၁၀၀၀၀ ခန့်ရှိသော လယ်ကွင်းများကို မိုးစပါး၊ နွေစပါး၊ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေး လက်တွေ့အကျိုးပြုနေသည်ကို တွေ့မြင်ရပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသဝမ်းစာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် တိုက်ရိုက်အကျိုးပြုလျက် ရှိနေပြီဖြစ်သည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းသာပီတိကြည်နူးခံစားရပါကြောင်း။ ***စာမျက်နှာ ၈ ကော်လံ ၁*** ▲

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ် ၃ ရက်)

လုပ်ငန်းတာဝန် စေတနာပါမှ တိုးတက်မည်

မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ စေတနာသည်အဓိကဖြစ်၏။ စေတနာသည် စိတ်ကောင်းမှလာ၏။ စိတ်ထားကောင်းမွေးမြူရန် လို၏။ ထို့ကြောင့် စေတနာသည်အရင်းခံ၊ စေတနာသည်အကြောင်းခံ၊ စေတနာသည် တိုးတက်စေခြင်းအမှန်ဟု ဆိုထိုက်ပေသည်။ စေတနာပါပါ လုပ်သောအလုပ်သည် တိုးတက်အောင်မြင်စေနိုင်၏။

အလုပ်ကို လုပ်ကိုင်ကြရာတွင် ပုံစံအမျိုးမျိုးရှိ၏။ အချို့ကား သာမန်၊ အချို့ကား ပုံမှန်၊ အချို့ကား ထူးချွန်စွာလုပ်ကိုင်တတ်ကြ၏။ ထူးချွန်စွာလုပ်ကိုင်တတ်ကြသူများသည် သာမန်အားထုတ်မှုမျိုးမဟုတ်။ စေတနာကိုအရင်းခံပြီး အပတ်တကုတ်ကြိုးစားကြသူများပေတည်း။

စေတနာအပြည့်အဝဖြင့် လုပ်ကိုင်သောအလုပ်တစ်ခုသည် လက်ရာမြောက်စွာရေးစွဲထားသည့် ပန်းချီကားတစ်ချပ်နှင့်တူ၏။ ပန်းချီဆရာသည် ပန်းချီကားကောင်းတစ်ချပ်ဖြစ်လာစေရန် စိတ်ကိုနှစ်၍လုပ်ရ၏။ အလုပ်အပေါ် စေတနာထားခြင်း၊ စိတ်ပါဝင်စားခြင်းသည် ပန်းချီကားပေါ်တွင် ပေါ်လွင်နေ၏။ မိမိလုပ်ကိုင်သောအလုပ်သည် ထိုအလုပ်တွင် ထင်ဟပ်စေ၏။

အလုပ်တစ်ခုကို စေတနာထားလုပ်ကိုင်ကြသူများသည် ဘဝတွင် အောင်မြင်တိုးတက်ကြ၏။ စေတနာသည် မိမိဘဝ တိုးတက်နိုင်သလို လုပ်ငန်းကိုလည်း တိုးတက်စေ၏။ စေတနာထား အလုပ်လုပ်ခြင်းသည် ကောင်း၏။ ထို့ကြောင့်ပင် ''စေတနာကောင်းလျှင် ကံကောင်းမည်၊ စေတနာမွဲလျှင် ကံမွဲမည်''ဟူ၍ ဆိုကြ၏။ စေတနာထားလုပ်ကိုင်တတ်ကြသူများသည် ဘဝတွင်တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကြ၏။ အောင်မြင်ကြီးပွားကြ၏။

ရုံးအလုပ်ပဲလုပ်လုပ်၊ ကိုယ်ပိုင်အလုပ်ပဲလုပ်လုပ်၊ သူများအလုပ်ပဲလုပ်လုပ် စေတနာထားလုပ်လျှင် စေတနာအကျိုးပေးတတ်၏။ စေတနာသည် ရောင်ပြန်ဟပ်စေ၏။ စေတနာကောင်းထားလျှင် ကောင်းကျိုးကို ရစေနိုင်၏။ စေတနာနှင့် ကြီးပွားတိုးတက်မှုသည် ဒွန်တွဲလျက်ရှိ၏။ ကြီးပွားချမ်းသာကြသူအများစုသည် စေတနာကောင်းကြသူများသာဖြစ်လိမ့်မည်ဟု မဆိုသာသော်ငြားလည်း အများစုမှာ စေတနာကောင်းကြ၏။

စေတနာအရင်းခံဖြင့် ရောင်းချသော လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ ထမင်းဆိုင်၊ အသုပ်ဆိုင်တို့ကို တွေ့ဖူးကြပေလိမ့်မည်။ ထိုစေတနာပါသောဆိုင်များသည်ကား သန့်ရှင်း၏။ သပ်ရပ်၏။ စားသောက်ဖွယ်ရာများကောင်း၏။ ဆက်ဆံရေးပြေပြစ်၏။ ထို့ကြောင့်ပင် ဤဆိုင်တို့တွင် စားသောက်ကြသူများ၏။ ဝင်ငွေကောင်းသဖြင့် ကြီးပွားတိုးတက်ကြ၏။

စေတနာသည် လူတိုင်း၏ကိုယ်ပိုင်အရင်းအနှီးဖြစ်၏။ ငွေကြေးဖြင့်ဝယ်ယူသည့်အရာမဟုတ်ပေ။ အလုပ်တစ်ခုအပေါ် စေတနာထားလုပ်လျှင် အလုပ်ကပြန်လည်အကျိုးပြုနိုင်၏။ ထို့ကြောင့် မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ စိတ်ကောင်း၊ စေတနာကောင်းဖြင့် လုပ်ကိုင်ကြလျှင် လုပ်ငန်းတိုးတက် အောင်မြင်နိုင်သလို မိမိဘဝသည်လည်း ကြီးပွားတိုးတက်နိုင်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပညာဘဏ်တိုက်စာကြည့်တိုက် မြောင်းမြမြို့နယ်၌ဖွင့်

မြောင်းမြ မတ် ၂

မြောင်းမြမြို့နယ် မွေတော်တယ်ချောင်းကျေးရွာ ပညာဘဏ်တိုက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်၊ မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်၊ မွေတော်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်စိုးတို့က စာကြည့်တိုက်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စံ(၅)ချက်ဖြင့် ပြည့်စုံသော စာကြည့်တိုက်များအကြောင်းနှင့် ရှင်သန်ခိုင်မာသောစာကြည့်တိုက်ဖြစ်ပေါ်ရေး ဟောပြောဆွေးနွေးကာ မဂ္ဂဇင်း၊ ဂျာနယ် ၄၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်က နေ့စဉ်ထုတ်သတင်းစာတစ်စောင် တစ်နှစ်စာအတွက် ပေးအပ်လှူဒါန်းသည်။

အဆိုပါ စာကြည့်တိုက်မှာ အလျား ပေ ၂၀၊ အကျယ် ၁၅ပေ၊ ပျဉ်ကာ၊ သွပ်မိုး၊ အုတ်ခင်းဖြစ်ပြီး ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၁၅ သိန်းဖြင့် ဆောက်လုပ်ထားကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ဝက်လက်မြို့နယ် ကျေးသီးကုန်းကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ဝက်လက် မတ် ၂

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျေးသီးကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကံ့ကော်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်စိန်တင့်တို့က ဖဲကြိုးဖြတ်၍ လည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ငွေက ကံ့ကော်ကျောင်းဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင်က ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ရှင်းလင်းတင်ပြကာ ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်စိန်တင်က လက်ခံယူခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်သည်

ကိုယ်တွင်းကြည့်မှန်ပြောင်းကိရိယာဖြင့် ခွဲစိတ်ကုသခြင်းဆိုင်ရာရှင်းလင်းပွဲ မကွေးမြို့၌ကျင်းပ

နေပြည်တော် မတ် ၂

မကွေးတိုင်းဒေသကြီးဖွံ့ဖြိုးရေးဖောင်ဒေးရှင်းကကြီးမှူး၍ ကိုယ်တွင်းကြည့်မှန်ပြောင်းကိရိယာဖြင့် ခွဲစိတ်ကုသခြင်းဆိုင်ရာရှင်းလင်းပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဌေးက ကိုယ်တွင်းကြည့်မှန်ပြောင်းကိရိယာနှင့် ပတ်သက်၍ ရှင်းလင်းကာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်ကျော်က ကိုယ်တွင်းကြည့်မှန်ပြောင်းကိရိယာဖြင့် ခွဲစိတ်ကုသခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် ကိုယ်တွင်းကြည့်မှန်ပြောင်းကိရိယာဝယ်ယူရန် မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက မတည်ငွေကျပ်သိန်း ၅၀၀ အပါအဝင် စုစုပေါင်းငွေကျပ် ၈၅၂၄၀၀၀၀ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာကြည့်တိုက်ပန္နက်တင်မင်္ဂလာကျင်းပ

ပုသိမ် မတ် ၂

ဖေဖော်ဝါရီ ၁၇ ရက်က ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာအုပ်စု ကြက္ခတ်ချောင်ကျေးရွာ၌ ကျောင်းမြေနေရာလှူဒါန်းပွဲနှင့် ဓမ္မစေတီ စာကြည့်တိုက်ပန္နက်တင်အခမ်းအနားကျင်းပရာ ရှေးဦးစွာ ပုသိမ်မြို့အမှတ် (၉)ရပ်ကွက် လယ်တီကျောင်းဆရာတော် ဦးသုနန္ဒက ပညာရေးဌာနသို့ ကျောင်းမြေနေရာလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး ပုသိမ်မြို့နယ်ပညာရေးမှူး ဦးကျင်သောင်းထံသို့ မြေယာပိုင်ဆိုင်မှု စာချုပ်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် (အောက်ပုံ)က အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားကာ ဆရာတော် ဦးသုနန္ဒနှင့် ဦးသဒ္ဓမ္မစာရတို့ဦးဆောင်၍ စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာတွင် ပန္နက်တင်ခြင်း အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်း

လက်ပံတန်း မတ် ၂

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ကွမ်းသီးတပင်အုပ်စု ညောင်ကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်း (၂)တွင် ဖေဖော်ဝါရီ ၁၁ ရက်က ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း၊ မြို့နယ်ပညာရေးမှူး ဦးသောင်းဌေးနှင့် အလှူရှင် ဦးစံငြိမ်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အလှူရှင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီးကျောင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးသောင်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ၆၀၊ အနံပေ ၃၀၊အမြင့် ၁၅ပေဖြစ်ကာ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်းခင်းဖြစ်ပြီး ညောင်ကုန်းရွာနေ ဦးစံငြိမ်း-ဒေါ်တင်သော့တို့က ကာလတန်ဖိုး ငွေကျပ် ၁၂၄ သိန်းအကုန်အကျခံကာ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (ဝ၉၈)

မင်းကင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးအလှူငွေပေးအပ် ရုပ်မြင်သံကြားဖမ်းစက်နှင့် စာအုပ်များလှူဒါန်း

နေပြည်တော် မတ် ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်သို့ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိသွားရောက်ပြီး တောင်တွင်းဒေသနှင့် မြစ်ရိုးအထက်ဒေသရှိ ကျေးရွာအုပ်စုများ၊ မင်းကင်းမြို့နှင့် ကျောက်အိုးကျေးရွာအုပ်စု၊ မြစ်ရိုးအောက်ဒေသရှိ ကျေးရွာအုပ်စုများ၌ ဒေသခံများနှင့်တွေ့ဆုံ၍ ကျောက်အိုးကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ခုံသာကျေးရွာ၌ ပညာပါရမီစာကြည့်တိုက်တို့ကို ဖွင့်လှစ်ပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် မင်းကင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း ၁၆၀၊ စကိုင်းနက်ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက် ၁၀ စုံ၊ ပန်းပေါင်းစုံ၊ ဘုရားဆင်းတုတော်အဆူ ၂၀၀ နှင့် သုတရသစာအုပ် ၁၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် မိုးပွင့်အဆင့်(၂) စီမံချက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက အမှတ်(၂၀) ရပ်ကွက်ရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့ကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိဦးဇော်သိန်းဦးနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူများပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (၁၆၆)

ကြက်တောင်ရိုက်ပြိုင်ပွဲ တာချီလိတ်၌ဆုချီးမြှင့်

တာချီလိတ် မတ် ၂

တာချီလိတ်ခရိုင် ကြက်တောင် ဆပ်ကော်မတီကကြီးမှူးပြီး ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် ညနေက အားကစားရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လွင်နှင့် ခရိုင်ကြက်တောင်ဆပ်ကော်မတီ နာယက ဒေါက်တာတင်အောင်ရင်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ခရိုင်သတင်းတပ်ဖွဲ့မှ ရဲမှူးမျိုးမင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လွင်၊ ဦးစိုင်းစိုင်း (မိုးသောက်ကြယ်) နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့်ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့်၁၂ ပေရှိ အာနုစီအုတ်ညှပ်တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ပညာရေးဌာန ခွင့်ပြုရန်ပုံငွေကျပ်၂၃၆ သိန်း ပြည်သူထည့်ဝင်ငွေကျပ် ၁၃၁ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

သင့် သွေးဖြင့် အသက်ကယ်ပါ

ထရန်စဖော်မာအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်

ပဲခူး မတ် ၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး ဘုရားကြီးဓာတ်အားခွဲရုံရှိ (၃၃/၁၁)ကေဗွီ (၅)အမ်ဗွီအေထရန်စဖော်မာမှ ဘုရားကြီး၊ ဘုရားကလေးနှင့် ဝေါမြို့တို့အား ယခင်ကဓာတ်အားဖြန့်ဖြူးပေးခဲ့ရာ ယခုအခါ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ ဘုရားကြီးခွဲရုံရှိ (၃၃/၁၁)ကေဗွီ (၁)အမ်ဗွီအေထရန်စဖော်မာအစား ဝန်အားနိုင်နင်းပြီး အင်အားပိုမိုကြီးမားသည့် ၁၀ အမ်ဗွီအေထရန်စဖော်မာဖြင့် အစားထိုးတပ်ဆင်ခြင်း၊ ကာကွယ်မှုစနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ ဘုရားကြီး၊ ဘုရားကလေးနှင့် ဝေါမြို့တို့ရှိ ဓာတ်အားသုံးစွဲသူတို့မှ အချိန်ပြည့် ဓာတ်အားပြည့်ဝကောင်းမွန်စွာ ဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ်လျှပ်စစ်)

3-3 (02).pmd 1 3/3/2012, 12:59 AM

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ပုလဲမြို့နယ် တောင်ပျောက်ကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ဆွေးနွေးပြီး အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ လက်တွဲဆောင်ရွက်ရန် တွေ့ဆုံခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရတစ်ရပ်ဖြစ်၍ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများကို ယခင်အစိုးရလက်ထက်က အကောင်အထည်ဖော်ခဲ့သည့်အခြေခံကောင်းများအပေါ် အခြေခံပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီးပွားရေးကဏ္ဍတွင်လည်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ နိုင်ငံခြားကုန်သွယ်မှုပိုမိုထိရောက်တိုးတက်လာအောင် ကုန်သွယ်ဥပဒေများကိုလည်း ပြုပြင်ပြောင်းလဲမှုများ၊ ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ စသည့်နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံမှုများ ပြန်လည်ရရှိအောင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ပြင် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းစဉ်အလိုက် ပြည်ထောင်စုဝန်ကြီးတစ်ဦးစီက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီတွင် မိမိကဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

မုံရွာခရိုင် ချင်းတွင်းမြစ်အနောက်ကမ်းမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အဖြစ် ယခုဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ပုလဲမြို့နယ်ပြည်သူ့ဆေးရုံ၌ အခမဲ့အထွေထွေခွဲစိတ်ကုသပေးပွဲကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ၂၀၀၉ ခုနှစ်တွင် ပထမအကြိမ်အဖြစ် မျက်စိဝေဒနာရှင်များ အလင်းရရှိစေရန် အခမဲ့ခွဲစိတ်ပေးခြင်း၊ ၂၀၁၀ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် အထွေထွေရောဂါဝေဒနာရှင်များအား အခမဲ့ကုသပေးခဲ့ခြင်းများကိုဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆောင်ရွက်ပေးလျက်ရှိသည့် အခမဲ့အထွေထွေခွဲစိတ်ကုသပေးပွဲတွင် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာနှင့် ဝိတိုရိယဆေးရုံတို့မှ အထူးကုဆရာဝန်ကြီးများက စေတနာဖြင့်လာရောက်ကုသပေးခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ဆေးဝါးစရိတ်များနှင့် အထွေထွေစရိတ်များကို အကုန်အကျခံဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

မတည်ငွေကြေးအခက်အခဲရှိသည့် တောင်သူများ၊ မွေးမြူရေးသမားများ၊ အိမ်တွင်းလုပ်ငန်းရှင်များအတွက် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ပုလဲမြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀၊ ကနီ၊ ယင်းမာပင်၊ ဆားလင်းကြီးမြို့နယ်တို့အတွက် ငွေကျပ်သိန်း ၅၀၀ စီမတည်၍ အသေးစားငွေချေးလုပ်ငန်းကိုဆောင်ရွက်ပေးထားပြီး ထပ်မံတိုးချဲ့ပေးရန်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပုလဲမြို့နယ် မြောက်ယမားဆည်အနီးရှိ စိုက်ပျိုးရေမရရှိသေးသော ကျေးရွာများမှ လယ်မြေဧက ၉၀၀၀ ကျော် စိုက်ပျိုးရေရရှိရေးအတွက် လယ်ယာရေပေးလက်တံမြောင်းသစ်တစ်ခုကို ထပ်မံဖောက်လုပ်ခြင်းလုပ်ငန်းအား စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တစ်ဧကအထွက်တိုးရေးအတွက် အထွက်တိုးစပ်မျိုးစပါး စမ်းသပ်စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာများရှိ စာသင်ကျောင်းဆောင်များဆောက်လုပ်ရေးလုပ်ငန်းများ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်များ ထူထောင်ရေးလုပ်ငန်းများကို ပံ့ပိုးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးလျက်ရှိရာ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများစွာကို ဖောက်လုပ်ပေးခဲ့ပြီး ယခုပွင့်လင်းရာသီအတွင်း ကျေးရွာချင်းဆက်လမ်းပေါင်း ၂၂ လမ်းကို ဦးစားပေးအစီအစဉ်အလိုက် ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ထို့ပြင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး အစီအစဉ်အဖြစ် အုန်းမွှန်းတောကျေးရွာတွင် ရေလှောင်ကန်တည်ဆောက်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရန် စီစဉ်ထားပြီဖြစ်ကြောင်း။

ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ လိုလားချက်ဖြစ်သည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတိုင်းဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတို့အတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက နိုင်ငံတော်အစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈)ရပ်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့် အကြီးစား စက်မှုလက်မှုလုပ်ငန်းများ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး စီမံဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ဝတ္တရားများနှင့် အဆင့်ဆင့်တာဝန်ယူဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်း ပြည်သူ့အား ထက်သန်မှန်ကန်သော ပြည်သူ့သဘောထားများဖြင့် ဖွံ့ဖြိုးတိုးတက်တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ငွေနှင့်ပစ္စည်းများ လှူဒါန်းထောက်ပံ့ပေးအပ်ရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက တနယ်ကျေးရွာစာသင်ကျောင်းအတွက် ငွေကျပ် ၁၀သိန်း၊ သစ်ကြီးတိုင်းကျေးရွာ၊ ဝက်ကျကျေးရွာ၊ ကံသစ်ကျေးရွာ၊ မင်းမအနောက်ကျေးရွာ၊ ကြူခြံကျေးရွာနှင့် ရေသာကျေးရွာတို့အတွက် စာကြည့်တိုက်ဆောက်လုပ်ရန် မတည်အလှူငွေကျပ် ၁၀ သိန်းစီ၊ ထန်းခင်းကြီးကျေးရွာကျောင်းအဆောက်အအုံအတွက် သွပ်ပြားအချပ် ၁၀၀၊ လုပ်သားကျေးရွာနှင့် ကျွဲကျကျေးရွာတို့မှ ကျောင်းအဆောက်အအုံအတွက် သွပ်ပြား ၇၅ ချပ်စီ တို့ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တောင်ပျောက်ကျေးရွာ၊ ကျေးနင်းကြီးကျေးရွာ၊ ကုက္ကိုစုကျေးရွာ၊ ရေကျောကျေးရွာ၊ ဝမ်းဘဲချိုင့်ကျေးရွာ၊ လက်တောင်းကြီးကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာတို့အတွက် စာကြည့်တိုက်ဆောက်လုပ်ရန် မတည်အလှူငွေကျပ် ၁၀ သိန်းစီ၊ မြောက်ပိတောက်ကုန်းကျေးရွာ၊ ဦးနှောက်ကျေးရွာနှင့် ပဲခင်းမကျေးရွာ ကျောင်းအဆောက်အအုံများအတွက် သွပ်အချပ် ၅၀ စီတို့ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က မကျီးကုန်းကျေးရွာ၊ အင်တိုင်းသာကျေးရွာ၊ ဖိုကုန်းကျေးရွာ၊ ခံတွင်းကျေးရွာ၊ အိုးဘိုကုန်းကျေးရွာတို့အတွက် စာကြည့်တိုက်ဆောက်လုပ်ရန် မတည်အလှူငွေကျပ် ငါးသိန်းစီ၊ အလယ်ဘုံကျေးရွာ အလင်းစေတမန်စာကြည့်တိုက် ခြံစည်းရိုးကာရန်အတွက် အလှူငွေကျပ်လေးသိန်း၊ အုန်းမွှန်းတောကျေးရွာ သောက်ရေကန်အတွက် အလှူငွေကျပ် သုံးသိန်း၊ မုံကြိုင်းကျေးရွာ စာသင်ကျောင်း၊ လဲကန်ကျေးရွာ ရေကာတာနှင့် ခေါ်သန္တိကျေးရွာ ရေကျော်တံတားတည်ဆောက်ရန်တို့အတွက် အလှူငွေကျပ် ငါးသိန်းစီတို့ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးဦးစိန်ဝင်းက ငပရင်း၊ မင်းမအရှေ့၊ တောင်ရွာသစ်၊ ကျွဲကျနှင့် ကံကြီးရွာတို့မှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် ၁၀၁၀ နှင့် ကျောင်းသုံးဖတ်စာအုပ် ၁၀၁၀စုံတို့ကို လည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေက ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်အုပ်ရေ ၂၅၂၀ တို့ကိုလည်းကောင်း ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ညောင်ကုန်းကျေးရွာမှ ရပ်မိရပ်ဖ ဦးဝင်းတင်က ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ပေးမှုများနှင့် အခမဲ့အထွေထွေခွဲစိတ်ကုသပေးမှုတို့အတွက် ကျေးဇူးတင်ကြောင်း ဒေသခံပြည်သူများကိုယ်စား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြရာ ဒေသခံပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာ ပြန်လည်နှုတ်ဆက်ကြသည်။

ယနေ့ကျင်းပသည့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲအခမ်းအနားတွင် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အလှူငွေစုစုပေါင်း ကျပ် ၁၈၇ သိန်း၊ သွပ်အချပ် ၄၀၀၊ ဗလာစာအုပ်ဒါဇင် ၁၀၁၀၊ ကျောင်းသုံးဖတ်စာအုပ် ၁၀၁၀စုံနှင့် သုတရသစာအုပ်စာစောင် ၂၅၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် (၂၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် (၂၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် စေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပရာ အခမ်းအနားတွင် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပဋ္ဌာန်းရောင်ခြည်ဖွင့်ဂါထာဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ရွတ်ဖတ်ပူဇော်

ဆက်လက်၍ ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များဖြစ်သော ဦးမြင့်ရွှေ၊ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဦးမျိုးညွန့်နှင့် အတွင်းရေးမှူး ဦးအောင်ခင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သိန်းညွန့်နှင့် ဂေါပကအဖွဲ့ဝင်များက ဆရာတော်သံဃာတော်များအား ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းအိုးများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်ကြီးများ ဦးဆောင်၍ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ကြကာ မတ် ၄ ရက်အထိ လေးရက်တိုင်တိုင် သံဃာတော် ၁၈ ပါးတို့က စေတီတော်မြတ်ကြီး၌ အသံမစဲ မဟာပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

ဖျော်ဖြေသွားမည်

ပျော်ပွဲရွှင်ပွဲ၊ ကြည့်ချင်ပွဲများအဖြစ် စေတီတော်ဝတ္တကမြေ ပွဲတော်ကွင်းတွင် မတ် ၁ ရက်မှ ၃ ရက်အထိ စွမ်းဇာနည်ဇာတ်သဘင်၊ မတ် ၄ ရက်မှ ၆ ရက်အထိ မိုးမင်းဇာတ်သဘင်နှင့် မတ် ၇ ရက်မှ ၈ ရက်အထိ ရန်ကုန်ရွှေမြင့်မိုရ်အငြိမ့်တို့က ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူပြည်သူများသို့ အသိပေးတင်ပြချက်

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နိုင်ငံတော်နှင့်ပြည်သူများအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက်လည်း အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က တာဝန်ထမ်းဆောင်မှုတစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ **“မိုဘိုင်းဖုန်းကိစ္စနှင့်ပတ်သက်ပြီး လောလောဆယ်မှာ ကျွန်တော်တို့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေရပါတယ်၊ ဒီလုပ်ငန်းတွေပြီးတာနဲ့အမျှ ပြည်သူတွေရဲ့ဆန္ဒကိုပြည့်ဝအောင် နိုင်ငံတကာရဲ့ စံချိန်စံညွှန်းတွေနဲ့အညီ အကောင်းဆုံးနည်းလမ်းများရှာဖွေပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်”** ဟူ၍ ထည့်သွင်းမိန့်ကြားသွားပါသည်။

၃။ နိုင်ငံတော်သမ္မတကြီး၏ မိန့်ကြားချက်နှင့်အညီ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ပြည်သူများ မိုဘိုင်းတယ်လီဖုန်းသုံးစွဲရာတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် ပိုမိုလွယ်ကူကောင်းမွန်သက်သာစွာသုံးစွဲနိုင်ရေးအတွက် အဆင့်လိုက် စီမံဆောင်ရွက်သွားမည်ဖြစ်ပါ၍ Postpaid/ Prepaid မိုဘိုင်းတယ်လီဖုန်း (GSM, CDMA-450, CDMA-800, WCDMA) များ၏ ပြည်တွင်းခေါ်ဆိုခနှုန်းထားများကို ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်နေ့မှစ၍ ည ၁၁ နာရီမှ နံနက် ၇ နာရီအတွင်း ခေါ်ဆိုမှုများကို မူလနှုန်းထား၏ ထက်ဝက်ဖြစ်သော တစ်မိနစ်လျှင် ၂၅ ကျပ်နှုန်းဖြင့် လျှော့ချကောက်ခံ သွားမည်ဖြစ်ပြီး နံနက် ၇ နာရီမှ ည ၁၁ နာရီအတွင်း ခေါ်ဆိုမှုများကို မူလနှုန်းထားအတိုင်းသာ ကောက်ခံသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် အမက(၈) မူလွန်ကျောင်း၏ ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ထက်ဦးလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူ ဆုချီးမြှင့်စဉ်။ (၀၄၄)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

နိုင်ငံတကာသတင်းများ

ဖိလစ်ပိုင်တောင်ပိုင်း၌ အဆိပ်ဓာတ်ငွေ့ယိုစိမ့် လူ ၉၉ ဦး ဆေးရုံတင်ပို့

ဇမ်ဘိုနာ မတ် ၂

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း အယာလာခရိုင်တွင် စက်ရုံတစ်ရုံမှ အဆိပ်ဓာတ်ငွေ့များ ယိုစိမ့်မှုဖြစ်သဖြင့် မတ် ၁ ရက်က အနည်းဆုံး လူ ၉၉ ဦး ဆေးရုံသို့ အမြန်တင်ပို့လိုက်ရပြီး လူများထောင်ချီ၍ အခြားလွတ်ရာသို့ ပြောင်းရွှေ့ပေးလိုက်ရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အပေါ်ပုံ)**

အယာလာခရိုင် ဒူမက်ဆာလမ်းမကြီးရှိ အီးအင်အယ်ရေခဲစက်ရုံမှ အမိုးနီးယားဓာတ်ငွေ့ ယိုစိမ့်မှုဖြစ်ပွားသည်ဟု ထိပ်တန်းရဲအရာရှိ အက်ဒွင်ဒီအိုကမ်ဟိုက ပြောကြားသည်။

ရေခဲစေသည့်စနစ်အတွင်း အမိုးနီးယားဓာတ်ငွေ့လွှတ်သည့် သံပိုက်မတော်တဆထိခိုက်ပြီး ကျိုးသွားသည့်အတွက် အမိုးနီးယားအဆိပ်ဓာတ်ငွေ့များ ယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းနေ့ ဒေသစံတော်ချိန် ည ၁၀ နာရီ ၁၅ မိနစ်၌ အဆိပ်ဓာတ်ငွေ့ ယိုစိမ့်ခြင်းဖြစ်သည်ဟုဆို၏။ **(အင်တာနက်)**

ဦးခေါင်းနှစ်လုံးပါကိုယ်ချင်းဆက် လိပ်နှစ်ကောင် ယူကရိန်းပြတိုက်၌ပြသ

ကိဗ် မတ် ၂

ယူကရိန်းနိုင်ငံ ကိဗ်မြို့ရှိ သဘာဝသိပ္ပံပြတိုက်တွင် ကမ္ဘာပေါ်၌ အထူးခြားဆုံး ဦးခေါင်းနှစ်လုံးပါ ကိုယ်ချင်းဆက်လိပ်နှစ်ကောင် **(ယာပုံ)**ကို ဖေဖော်ဝါရီ ၂၉ ရက်မှစတင်ကာ ခင်းကျင်းပြသထားကြောင်း ယူကရိန်းနိုင်ငံမှ တိရစ္ဆာန်သုတေသနပညာရှင် ဒေါက်တာယူရီယူရာဗ်လေ့ဗ်က ပြောကြားသည်။

၎င်းကိုယ်ချင်းဆက်လိပ်နှစ်ကောင်သည် ဦးခေါင်းသီးခြားစီပါရှိပြီး ရှေ့လက်နှစ်ဖက်စီပါရှိကာ ခန္ဓာကိုယ်နောက်ပိုင်း၌ ကိုယ်ချင်းဆက်နေသည့် အာရှအလယ်ပိုင်းတွင်တွေ့ရှိရသည့် လိပ်မျိုးစိတ်ဖြစ်သည်။

ထို့အပြင် အဆိုပါကိုယ်ချင်းဆက်လိပ်နှစ်ကောင်သည် နှလုံးသီးခြားစီပါရှိပြီး အရှည် ၁၂ စင်တီမီတာခန့်စီရှိသော ကျောခွံများဆက်စပ်ပါရှိသည်။ အသက်အရွယ်မှာ ငါးနှစ်ခန့်ရှိပြီး လိပ်နှစ်ကောင်စလုံးမှာ အမများဖြစ်ကြသည်။အဆိုပါ ဦးခေါင်းနှစ်လုံးနှင့် ကိုယ်ချင်းဆက်လိပ်ကို ယူကရိန်းနိုင်ငံသားတစ်ဦးက နေအိမ်၌ မွေးမြူခဲ့ခြင်းဖြစ်ပြီး ၎င်းလိပ်မျိုးစိတ်သည် သက်တမ်းအားဖြင့် နှစ် ၅၀ မှ ၆၀ အထိ ရှင်သန်နိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

အစ္စတန်ဘူမြို့တွင် ဗုံးပေါက်ကွဲမှု ရဲတပ်ဖွဲ့ဝင် ၁၀ ဦးဒဏ်ရာရ

အစ္စတန်ဘူ မတ် ၂

တူရကီနိုင်ငံ အစ္စတန်ဘူမြို့လယ်ရှိ အာဏာရတရားမျှတမှုနှင့်တိုးတက်ရေးပါတီ (အေကေ)ဌာနချုပ်ရှေ့၌ ရပ်နားစောင့်ဆိုင်းနေသည့် ရဲတပ်ဖွဲ့ပိုင် ဘတ်စ်ကားတစ်စီးအနီး မတ် ၁ ရက် နံနက်က ဗုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦး ဒဏ်ရာရရှိသွားကြောင်း အင်န်တီဗွီက ကြေညာသည်။ **(ဝဲပုံ)**

မော်တော်ဆိုင်ကယ်၌ ထောင်ထားသည့်ဗုံးတစ်လုံးကို အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲသည့်အတွက် ဗုံးပေါက်ကွဲရခြင်းဖြစ်သည်ဟု အစ္စတန်ဘူမြို့တော် ရဲချုပ်ဟူစိန်ကက်ကင်က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် တာဝန်ကျရဲတပ်ဖွဲ့ဝင် ၁၀ ဦး ဒဏ်ရာရသွားခြင်းဖြစ်ပြီး အနီးရှိအဆောက်အအုံများမှ ပြတင်းပေါက်မှန်ကွဲများလည်း မြေပေါ်သို့ ပြန့်ကျဲနေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း — နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ရေတပ်အင်အားဖြည့်တင်းရန် ရဟတ်ယာဉ်သစ်သုံးစင်း အင်ဒိုနီးရှားစစ်တပ်လက်ခံရရှိ

ဂျကာတာ မတ် ၂

အင်ဒိုနီးရှားလေကြောင်းဆိုင်ရာစက်မှုလုပ်ငန်း PTDI သည် Bell 412 EP စစ်ရဟတ်ယာဉ်သစ်သုံးစင်းကို အင်ဒိုနီးရှားစစ်တပ်သို့ လွှဲပြောင်းပေးအပ်ပြီးကြောင်း မတ် ၂ ရက် ဒေသတွင်းသတင်းမီဒီယာများတွင် ဖော်ပြသည်။ **(ဝဲပုံ)**

ထိုရဟတ်ယာဉ်များကို ရေတပ်တွင်အင်အားဖြည့်တင်းထားရှိရန် ပြည်တွင်းလေကြောင်းစက်မှုလုပ်ငန်း PTDI သို့ စစ်တပ်က မှာယူခဲ့ခြင်းဖြစ်သည်။

နိုင်ငံတွင်း စက်မှုထုတ်လုပ်မှုများ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် စစ်တပ်က ပြည်တွင်းလုပ်ငန်းရှင်များထံမှ စစ်လက်နက်များမှာကြားဝယ်ယူပြီး အားဖြည့်တင်းပေးခဲ့သည့် သက်သေတစ်ရပ်ပါဟု PTDI ၏ ဒါရိုက်တာ ဘာဒီဆန်တော့ဆိုက ရဟတ်ယာဉ်များလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

အင်ဒိုနီးရှားစစ်တပ်ရဟတ်ယာဉ်တပ်ရင်းအုပ်စုတွင် ယခုရဟတ်ယာဉ်သုံးစင်းကို အင်အားဖြည့်အသုံးပြုမည်ဖြစ်ကြောင်း၊ လက်ရှိရဟတ်ယာဉ်အုပ်စုတွင် တိုက်ခိုက်ရေးနှင့် ဘက်စုံသုံးရဟတ်ယာဉ် ၂၄ စင်းနှင့် တိုက်ခိုက်ရေးသီးသန့်ရဟတ်ယာဉ် ရှစ်စင်းဖြင့် စစ်ရေးတာဝန်များလည်းပတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပါနိုမိုကပြောကြားသည်။ **(အင်တာနက်)**

ထိုင်းနိုင်ငံတောင်ပိုင်းစူပါမားကတ်များ မီးလောင်မှု ရှို့မီးများဖြစ်မည်ဟုယူဆနေကြ

ထိုင်းနိုင်ငံ မွမ်ခရိုင်မြို့လယ်ရှိ ဘစ်စီ စူပါမားကတ် မီးလောင်မှုမြင်ကွင်း။

ဗန်ကောက် မတ် ၂

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီပြည်နယ် မွမ်ခရိုင်မြို့လယ်မှ စူပါမားကတ်နှစ်ခု မတ် ၁ ရက် နံနက်စောစောပိုင်းတွင် ရဲတပ်ဖွဲ့က ရှို့မီးဟုယူဆသည့် မီးလောင်မှုများ ဖြစ်ပွားကြောင်း အင်တာနက် သတင်းတွင် မတ် ၂ရက်က ဖော်ပြပါရှိသည်။

ငြိမ်းသတ်နိုင်ခဲ့

ပထမမီးလောင်မှုမှာ ထာနီစူပါဈေး၏ စားသောက်ဆိုင်များရှိရာ အထပ်တွင် ထိုနေ့ နံနက် ၁နာရီခန့်က စတင်ပြီး တစ်နာရီကျော် လောင်ကျွမ်းခြင်းဖြစ်သည်။ မီးသတ်ကား လေးစီးဖြင့် ငြိမ်းသတ်ရာ နာရီဝက်ခန့်အတွင်းမီးညွန့်ကျိုးအောင် ငြိမ်းသတ်နိုင်ခဲ့သည်။

ပထမမီးစတင်လောင်ကျွမ်းပြီး မကြာမီမှာပင် မွမ်ခရိုင်မြို့လယ်မှ ဘစ်စီစူပါမားကတ်ကိုမီးစတင်လောင်ကျွမ်းခဲ့ပြန်သည်။ ဤမီးမှာစတိုခန်းမှစတင်လောင်ခြင်းဖြစ်သည်။ တစ်ပြိုင်တည်းလောင်သည့်အတွက် ရှို့မီးများဖြစ်မည်ဟုရဲတပ်ဖွဲ့က ယုံကြည်ပြီး ယခုအခါစုံစမ်းလျက်ရှိသည်။ **(အင်တာနက်)**

ဝေရက်တောင် အကြိမ်အများဆုံးတက်သူအဖြစ် နီပေါနိုင်ငံသား အက်ပါရှီရာပါ ဂင်းနက်စ်မှတ်တမ်းဝင်

ခတ္တမန္ဒူ မတ် ၂

နီပေါနိုင်ငံမှ အက်ပါရှီရာပါအမည်ရှိတောင်တက်သမားသည် ကမ္ဘာ့အမြင့်ဆုံးဝေရက်တောင်ထိပ်သို့ (၂၁)ကြိမ် တက်ရောက်နိုင်ခဲ့သဖြင့် အကြိမ်အများဆုံး တက်ရောက်နိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖေဖော်ဝါရီ ၂၉ ရက်က ဖော်ပြခံရသည်။

အသက် ၅၂ နှစ်အရွယ်ရှိ အက်ပါရှီရာပါ **(အောက်ဝဲပုံ)**သည် အဆိုပါ တောင်ထိပ်သို့ အထမ်းသမားတစ်ဦးအနေဖြင့် နိုင်ငံတကာမှ တောင်တက်သမားများနှင့်အတူ စတင်တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဂင်းနက်စ်မှတ်တမ်းဆိုင်ရာအရာရှိများက နီပေါနိုင်ငံသို့ လာရောက်ကာ ရှီရာပါအား ဂင်းနက်စ်မှတ်တမ်းကို တရားဝင်ပေးအပ်လိုက်သည်။

အက်ပါရှီရာပါသည် ၎င်း၏ တောင်တက်အတွေ့အကြုံများကို တောင်တက်သမားမျိုးဆက်သစ်လူငယ်များအား အတွေ့အကြုံကောင်းများရရှိရန် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်းကို လက်ခံပြီးနောက် ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် ဝေရက်တောင်ထိပ်သို့ (၂၁)ကြိမ် တက်ရောက်နိုင်ခဲ့သူမှာ ယခုအချိန်အထိ အက်ပါရှီရာပါတစ်ဦးတည်းသာရှိသေးကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၂-၃-၂၀၁၂)

တင်မောင်လွင် – စုစည်းသည်

နိုင်ဂျီးရီးယားကမ်းလွန်၌ ကုန်တင်သင်္ဘော ဓားပြတိုက်ခိုက်ခံရ

နိုင်ဂျီးရီးယားနိုင်ငံ ကမ်းလွန်တွင် ကုန်တင်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများတိုက်ခိုက်ပြီးနောက် သင်္ဘောကပ္ပတိန်နှင့် အင်ဂျင်နီယာချုပ်တို့အား ပြန်ပေးဆွဲသွားခဲ့ကြောင်း ပင်လယ်ရေကြောင်းဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့မှ အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြောကြားသည်။ ထိုသို့တိုက်ခိုက်မှုကြောင့် ကုန်တင်သင်္ဘောပေါ်ရှိ သင်္ဘောသားတစ်ဦး ပျောက်ဆုံးနေပြီး အခြားသင်္ဘောသားတစ်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတကာရေကြောင်းဗျူရို၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ အဆိုပါသင်္ဘောသည် ဒတ်ချ်နိုင်ငံ ကုမ္ပဏီတစ်ခုကပိုင်ဆိုင်သော ကုန်တင်သင်္ဘောဖြစ်ပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဆိပ်ကမ်းသို့ ဦးတည်မောင်းနှင်နေစဉ် ပင်လယ်ဓားပြများ တိုက်ခိုက်ခြင်းဖြစ်သည်။ ၎င်းသင်္ဘောပေါ်တွင် သင်္ဘောသား ၁၄ ဦးပါရှိပြီး လက်နက်ကိုင်ပင်လယ်ဓားပြရှစ်ဦးတို့က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အီရတ်အကြမ်းဖက်မှုများ အီရန်ဒုတိယဝန်ကြီး ပြစ်တင်ရှုတ်ချ

အီရတ်နိုင်ငံအတွင်း အသေအပျောက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဟူစိန်အမာအဗ္ဗဒူလာဟီယန်က ပြစ်တင်ရှုတ်ချလိုက်ပြီး ထိုသို့သောအကြမ်းဖက်မှုများကြောင့် အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးကြိုးပမ်းမှုများ ပျက်ပြားသွားစေမည် မဟုတ်ကြောင်း ထည့်သွင်းပြောကြားလိုက်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ အီရတ်နိုင်ငံအား တည်ငြိမ်မှုပျက်ပြားအောင် မည်သို့အကွက်ချလုပ်ကြံသည့်တိုင်အောင် ဝန်ကြီးချုပ်အယ်မာလီကီ၏ ပြည်သူကရွေးချယ်တင်မြှောက်ထားသော တရားဝင်ဖွဲ့စည်းထားသည့် အစိုးရနှင့်တကွ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်များက ထိုသို့သော အကြမ်းဖက်လုပ်ရပ်များကို ဖယ်ရှားချေမှုန်းသွားနိုင်မည်ဟု မိမိတို့ယုံကြည်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

တောင်အာဖရိကဘတ်စ်ကားတိမ်းမှောက်၊ ၇၅ ဦးကျော်ဒဏ်ရာရ

တောင်အာဖရိကအနောက်မြောက်ပိုင်းဒေသအတွင်း ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ၌ လူ ၇၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ရဲဝန်ထမ်းများက ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားသည်။ ဖြစ်ပွားမှုမှာ ဖေဖော်ဝါရီ ၂၆ ရက် ညပိုင်း၌ ဂုစတန်ဘတ်မြို့အပြင်ဘက် ၁၀ ကီလိုမီတာအကွာ ဒါဘီလမ်းမကြီးတစ်နေရာတွင် ကားမောင်းသမားအရှိန်မထိန်းမှုကြောင့် ယင်းဘတ်စ်ကားမှာ လမ်းဘေးသို့ ထိုးဆင်းကာ လိမ့်ကျတိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။ ခရီးသည် ဒါဇင်ပေါင်းများစွာတင်ဆောင်လာသည့် ယင်းဘတ်စ်ကားသည် အရှိန်လွန်မှုကြောင့် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်

မြောက်ကိုရီးယားနိုင်ငံက လက်တုံ့ပြန်မည်ဖြစ်ကြောင်း ခြိမ်းခြောက်နေသည့်ကြားမှပင် တောင်ကိုရီးယားနှင့် အမေရိကန်တို့က နှစ်ပတ်လည်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စတင်လိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ကီးရီဇော့ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်နေပြီဖြစ်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ဤပူးတွဲစစ်ရေးလေ့ကျင့်မှုသည် မတ်လ ၉ ရက်အထိ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

3-3 (04).pmd 1 3/3/2012, 12:59 AM

နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ

အကောင်းဆုံးသီချင်း အကောင်းဆုံးအယ်လ်ဘမ်

လော့စ်အိန်ဂျလိစ် မတ် ၂

အမေရိကန် R&B နှင့် Soul အဆိုတော် ဂျနယ်လီမာရေး **(ယာပုံ)**ရဲ့ We Are Young လို့အမည်ရတဲ့ သီချင်းဟာ ယခုတစ်ပတ်ရဲ့ အကောင်းဆုံးသီချင်းဖြစ်တဲ့အကြောင်း i Tunes ဝက်ဆိုက်ဘ်မှာ ဖော်ပြထားပါတယ်။

အောင်မြင်ကျော်ကြား

အဆိုတော်ဂျနယ်လီမာရေးရဲ့ဒီသီချင်းဟာ လူငယ်တွေကြားမှာ အတော်လူကြိုက်များနေတဲ့ သီချင်းတစ်ပုဒ်ပါပဲ။ သူမဟာ ၂၀၀၃ ခုနှစ်က ဂီတလောကထဲကို ဝင်ရောက်လာခဲ့သူပါ။ အမေရိကန်နိုင်ငံ ကင်ဆပ်မြို့သူ ဂျနယ်လီမာရေးဟာ The Arch Android လို့ အမည်ရတဲ့ စတူဒီယိုအယ်လ်ဘမ်နဲ့ အောင်မြင်ကျော်ကြားလာခဲ့သူဖြစ်ပါတယ်။

သူမရဲ့သီချင်း အယ်လ်ဘမ်တွေဟာ ဂရမ်မီဆု ပဏာမရွေးချယ်ခံရတဲ့ သီချင်းအယ်လ်ဘမ်တွေ အများဆုံးရှိခဲ့ပါတယ်။ Tightrope လို့အမည်ရတဲ့ အယ်လ်ဘမ်ဟာ အမေရိကန်နိုင်ငံမှာ ရောင်းအားအကောင်းဆုံးအယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။

လူကြိုက်များ

လောလောဆယ် လူကြိုက်များနေတဲ့သီချင်းတွေထဲမှာ အဆိုတော်ကေတီပယ်ရီရဲ့ Part of Me လို့အမည်ရတဲ့ သီချင်းလည်း အပါအဝင် ဖြစ်ပါတယ်။ အဆိုတော်နစ်ကီမီနားရဲ့ Starships လို့အမည်ရတဲ့ သီချင်းဟာလည်း ပရိသတ်တွေကို ဆွဲဆောင်မှုအရှိဆုံးသီချင်းတစ်ပုဒ်ပါပဲ။

R & B အဆိုတော်ခရစ်ဘရောင်းရဲ့ Turn Up the Music လို့ အမည်ရတဲ့သီချင်းကလည်း လူငယ်တွေကြားမှာ ရေပန်းစားနေတဲ့သီချင်းဖြစ်ပါတယ်။ ယခုတစ်ပတ်ထဲမှာ ရောင်းအားအကောင်းဆုံးသီချင်းအယ်လ်ဘမ်ကတော့ ဗြိတိသျှအဆိုတော် အဒေလီရဲ့ 21 လို့အမည်ရတဲ့အယ်လ်ဘမ်ပဲဖြစ်ပါတယ်။

ဒီတေးအယ်လ်ဘမ်ဟာ အမေရိကန်နဲ့ဗြိတိန်နိုင်ငံတွေမှာသာမက ကမ္ဘာ့နိုင်ငံ အတော်များများမှာပင် လူကြိုက်များခဲ့တဲ့ အယ်လ်ဘမ်ဖြစ်ပါတယ်။ 19 လို့ အမည်ရတဲ့အယ်လ်ဘမ်ဟာလည်း အဒေလီရဲ့ ယခုတစ်ပတ်ရောင်းအားအကောင်းဆုံး အယ်လ်ဘမ်ဖြစ်ပါတယ်။ Fun ဂီတအဖွဲ့ရဲ့ Some Nights လို့ အမည်ရတဲ့ သီချင်းအယ်လ်ဘမ်ဟာ ဒုတိယလူကြိုက်အများဆုံး ဖြစ်ပါတယ်။

ဒီဂီတအဖွဲ့ဟာ နယူးယောက်မြို့မှာအခြေစိုက်ပါတယ်။ မကြာမီက ကွယ်လွန်သွားပြီဖြစ်တဲ့ ကမ္ဘာကျော်အဆိုတော် ဝစ်နေးဟူစတွန်ရဲ့ The Greatest Hits ဟာလည်း ဒီတစ်ပတ်ရဲ့ အကောင်းဆုံးအယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။ **(အင်တာနက်)**

မန်ချက်စတာမြို့ရဲ့ နာမည်ကြီးဂီတအဖွဲ့ V Festival ဆု ဆွတ်ခူးရန်ရေပန်းစား

လန်ဒန် မတ် ၂

V Festival လို့အမည်ရတဲ့ ဂီတပွဲတော်ဟာ အင်္ဂလန်မှာ နှစ်စဉ်နှစ်တိုင်းကျင်းပတဲ့ ဂီတပွဲတော်ကြီးပါပဲ။ ဒီဂီတပွဲတော်ကြီးမှာအကောင်းဆုံးဆုတွေရမယ်လို့ နာမည်ကြီးနေကြတဲ့ ဂီတအဖွဲ့တွေကတော့ The Stone Roses ဂီတအဖွဲ့၊ Happy Mandays ဂီတအဖွဲ့နဲ့ The Killers လို့အမည်ရတဲ့ ဂီတအဖွဲ့သုံးဖွဲ့ဖြစ်ပါတယ်။ နိုးဂယ်လာဂျာနဲ့ သူ့ရဲ့ The High Flying Birds ဂီတအဖွဲ့ဟာလည်း ဆုရဖို့နာမည်ကြီးနေကြပါတယ်။ အဆိုတော်ဆာတုန်းဂျုံးစ်၊ စနိုးပက်ထရိုနဲ့ အက်ရှီးရန်းတို့ဟာလည်း အကောင်းဆုံးအဆိုတော်ဆုတွေ ဆွတ်ခူးဖို့နာမည်ကြီးနေကြပါတယ်။

ဒီဂီတဆုပေးပွဲဟာ အင်္ဂလန်မှာ (၁၇) ကြိမ်မြောက်ကျင်းပတဲ့ ဂီတပွဲတော်ဖြစ်ပါတယ်။ ဒီဂီတပွဲတော်ကို လာမည့် ဩဂုတ် ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။

The Stone Roses ဂီတအဖွဲ့ **(အပေါ်ပုံ)**ဟာ ၁၉၈၃ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး မန်ချက်စတာမြို့ရဲ့ အောင်မြင်ကျော်ကြားနေတဲ့ ဂီတအဖွဲ့ဖြစ်ပါတယ်။ ဒီဂီတအဖွဲ့ဟာ ယခုနှစ်ရဲ့ V Festival ဆု ဆွတ်ခူးဖို့ရေပန်းအစားဆုံးဂီတအဖွဲ့ဖြစ်ပါတယ်။ ဒီဂီတဆုပေးပွဲမှာ အမေရိကန်အဆိုတော် နစ်ကီမီနား၊ တင်နီတမ်ပတ်ချ်၊ သည်ဟူးမန်းလိဂ်၊ မက်နက်စ် တို့ဟာလည်း ဆုရဖို့ရေပန်းစားနေတဲ့အဆိုတော်များထဲမှာ အပါအဝင်ဖြစ်ပါတယ်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားမြင်ကွင်း နိုင်ငံတကာအားကစားမြင်ကွင်း နိုင်ငံတကာအားကစားမြင်ကွင်း

မလေးရှားအိုးပင်းတင်းနစ်ပြိုင်ပွဲ ချက်တင်းနစ်မယ် ပလီစကိုဗာ အနိုင်ရရှိ

ကွာလာလမ်ပူ မတ် ၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပလျက်ရှိသော မလေးရှားအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၉ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ချက်တင်းနစ်မယ် ပလီစကိုဗာ **(ယာပုံ)**က တရုတ်တင်းနစ်မယ် ချောင်ကီချန်းကို အနိုင်ရရှိခဲ့သည်။

ယှဉ်ပြိုင်ကစား

ပလီစကိုဗာသည် ချောင်ကီချန်းအား ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပလီစကိုဗာသည် ချောင်ကီချန်းကို အနိုင်ရရှိရန် ၁နာရီခွဲကြာမျှ ယှဉ်ပြိုင်ကစားခဲ့ရသည်။

အခြားပွဲများအဖြစ် ဩစတြေးလျတင်းနစ်မယ် ဒီလက်ဂ္ဂါက ဆားဘီးယားတင်းနစ်မယ် ဂျိုဗန်နိုစကီးအား ၆-၀၊ ၆-၂ဖြင့် အနိုင်ရရှိခဲ့သည်။ ထို့အတူ ဩစတြေးလျတင်းနစ်မယ် ဂျာမီလာဂရော့ချ်က ဂျာမနီတင်းနစ်မယ် ဝါလီအား ၁-၆၊ ၇-၆ (၂)၊ ၇-၅ ဖြင့် အနိုင်ရရှိအောင်ကစားနိုင်ခဲ့သည်။

တစ်ဖန် ချက်တင်းနစ်မယ်ခရစ္စတီးနားက ပြင်သစ်တင်းနစ်မယ် ဘရီမွန့်ကို ၆-၀၊ ၆-၂ ဖြင့်အနိုင်ရရှိခဲ့ပြီး အမေရိကန်တင်းနစ်မယ် ခရေးဘတ်စ်က ဂျပန်တင်းနစ်မယ် ယူရီကာဆီလာအား ၆-၄၊ ၁-၆၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့သည်။ အခြားပွဲစဉ်အဖြစ် ဂရိတင်းနစ်မယ်ဒါနေးလီဒူက အိန္ဒိယတင်းနစ်မယ် မီရာဇာအား ၆-၂၊ ၁-၆၊ ၆-၄ ဖြင့်လည်းကောင်း၊ ဂျပန်တင်းနစ်မယ် မိုရီတာက ထိုင်းတင်းနစ်မယ် လူအန်နမ်အား ၆-၄၊ ၆-၀ ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။ **(အင်တာနက်)**

ဟဲဗီးဝိတ်လက်ဝှေ့သမားချီဆိုရာ ကမ္ဘာ့လက်ဝှေ့ကောင်စီ စစ်ဆေးမည်

လန်ဒန် မတ် ၂

ကမ္ဘာ့လက်ဝှေ့ကောင်စီ ဟဲဗီးဝိတ်လက်ဝှေ့သမား ဒီရက်ချီဆိုရာ **(ဝဲစွန်)**သည် ပြိုင်ဘက်လက်ဝှေ့သမား ဗီတာလီ ကလစ်ရှကိုအား လက်ဝှေ့ပွဲမတိုင်မီ စကားစစ်ထိုးပွဲတစ်ရပ်၌ ကိုယ်ထိလက်ရောက်ကျူးလွန်မှုဖြင့် ဒဗလူဘီစီ၏ စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၉ ရက်၌ သတင်းထုတ်ပြန်သည်။

ထိုးကြိတ်ခဲ့

အသက် ၂၈ နှစ်အရွယ် ဗြိတိန်လက်ဝှေ့သမား ချီဆိုရာသည် မြူးနစ်မြို့၌ ဖေဖော်ဝါရီ ၁၈ ရက်က ဗီတာလီကလစ်ရှကိုနှင့် လက်ဝှေ့ပွဲထိုးသတ်ခဲ့ရာ ရှုံးနိမ့်ခဲ့သည်။ ယင်းလက်ဝှေ့ပွဲမတိုင်မီ စကားစစ်ထိုးပွဲ၌ ကလစ်ရှကိုအား ဒေါသမထိန်းနိုင်ဘဲ ထိုးကြိတ်ခဲ့ပြီး ၎င်း၏အစ်ကိုဖြစ်သူကလည်း ကလစ်ရှကို၏ မျက်နှာအား ရေဖြင့်ပက်ခဲ့သည်။

ယင်းအပြုအမူကြောင့် ကမ္ဘာ့လက်ဝှေ့ကောင်စီက လာမည့်မတ်လ ၁၈ ရက်၌ တရားဝင်စစ်ဆေးမည်ဖြစ်သည်။ ထိုသို့ စစ်ဆေးရာတွင် ကျူးလွန်ကြောင်း တွေ့ရှိရပါက လက်ဝှေ့ပွဲများ ထိုးသတ်ခွင့်ပိတ်ပင်ခြင်းခံရမည်ဖြစ်သည်။ ကမ္ဘာ့လက်ဝှေ့ကောင်စီက ထိုသို့စစ်ဆေးခြင်းမပြုမီ မတ် ၁၄ ရက်၌ ဗြိတိန်နိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ကလည်း စစ်ဆေးမှုများပြုလုပ်မည်ဖြစ်သည်။ **(အင်တာနက်)**

တန်လျှင်ဆေး လွန်လျှင်ဘေး

ရန်ကုန် မတ် ၂

ဒီနေ့ဒီအချိန်မှာ အဖြစ်အပျက်တွေက အရမ်းမြန်နေတော့ မြင်သမျှ တွေ့သမျှသာ ရေးလို့ကတော့ ရေးလို့ရယ်တဲ့ မကုန်နိုင်ဖြစ်နေပြီ။ ဘတ်စ်ကားစီးလာရင် ဘတ်စ်ကားပေါ်မှာ တွေ့ရ၊ လမ်းလျှောက်ရင် လမ်းပေါ်မှာတွေ့ရ၊ ဈေးသွားရင် ဈေးထဲမှာ တွေ့ရ၊ တွေ့ရတာတွေကတော့ အမျိုးမျိုးအဖုံဖုံချည်းပါပဲ။

အဲဒီထဲကမှ ကွမ်းစားသည့်ပုဂ္ဂိုလ်အများစု၏ စည်းကမ်းမဲ့ဖြစ်ရပ်လေးတချို့ကို တင်ပြချင်ပါသည်။ ယခုအခါ ရန်ကုန်မြို့၏ အိမ်ခြေတော်တော်များများသည် ခြောက်ထပ်၊ ခုနစ်ထပ်ဆောက်ထားသော ကန်ထရိုက်တိုက်များနှင့် ပြည့်နှက်နေသည်။ ကန်ထရိုက်တိုက်တော်တော်များများတွင်လည်း လှေကားတစ်လျှောက် ကွမ်းတံတွေး မထွေးရ၊ အမှိုက်မပစ်ရ၊ အများပိုင်ဆိုင်သည့် လှေကားဖြစ်ပါ၍ အများက ဝိုင်းဝန်း၍ သန့်ရှင်းမှုကို ဂရုပြုကြပါ စသည်ဖြင့် စာစီ၍ ကပ်ထားသော်လည်း စည်းကမ်းမဲ့သူတချို့ကြောင့် လှေကားအလှပျက်စီးသလို ပတ်ဝန်းကျင်ညစ်ညမ်းမှုများလည်း ဖြစ်စေပါသည်။

လှေကားအတက်အဆင်းပြုသူတချို့သည် ကွမ်းစားပြီး ကွမ်းတံတွေးကို အလွယ်တကူ လှေကားထောင့်ချိုးများတွင် ထွေးလိုက်ကြသဖြင့် အရောင်အမျိုးမျိုး သုတ်ထားသည့် လှေကားပြောင်ပြောင်ပေါ်တွင် ၎င်းတို့ ထွေးလိုက်သည့် ကွမ်းတံတွေးကြောင့် ပတ်ဝန်းကျင်အလှအပ ပျက်စီးခဲ့ရသည်။ ထိုသို့ ပျက်စီးမှုကို အဖတ်ဆယ်သည့် အိမ်ရှင်က မိမိအခန်းရှေ့တွင် သန့်ရှင်းရေးပြုလုပ်ရင်း ကွမ်းတံတွေးထွေးသူအား မြည်တွန်တောက်တီးမိပါကလည်း မြည်တွန်းတောက်တီးသူသာလျှင် အပြစ်ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် ရှေးယခင်ကတည်းက ကွမ်းအစ်ကို ဧည့်သည်လာလျှင် ဧည့်ခံစရာပစ္စည်းအဖြစ် ယွန်းကွမ်းအစ်ထဲတွင် ကွမ်း၊ ဆေး၊ ထုံးထည့်၍ အမြတ်တနိုးတန်ဖိုးထားကာ အသုံးပြုခဲ့သည့် အစဉ်အလာရှိခဲ့ပါသည်။ ကွမ်းတံတွေးထွေးရာ၌လည်း ကွမ်းစားသူသည် ကွမ်းအစ်နှင့်တွဲ၍ ထွေးခံဟုခေါ်သော ခွက်ထဲတွင် စည်းကမ်းတကျ ထွေးကြပါသည်။

မိမိတို့ကြိုက်နှစ်သက်၍ ကွမ်းစားတတ်လျှင်လည်း စည်းကမ်းတကျစွန့်ပစ်သင့်သည့်နေရာတွင် စွန့်ပစ်သင့်သည်။ ခရီးသွားရင်း၊ လမ်းသွားရင်း၊ စကားပြောရင်း ကွမ်းမစားသင့်ပေ။ ကွမ်းစားခြင်းဖြင့် မည်သည့်ကောင်းကျိုးမှမရနိုင်ပါ။ ကွမ်းနှင့်တွဲဖက်စားသုံးရသည့် ဆေးရွက်ကြီးမှတစ်ဆင့် ရရှိနိုင်သောရောဂါများကိုလည်း ကွမ်းစားသူအများစုသိရှိပြီးဖြစ်ပေလိမ့်မည်။

ဆိုးကျိုးအမျိုးမျိုးသာဖြစ်နိုင်ပါသည်။ ကွမ်းအမုန်တကယ်စားသုံးသူသည် တစ်နေ့လျှင် ငွေကျပ် ၅၀၀၊ ငွေကျပ် ၁၀၀၀ဖိုးအထိ စားကြသည်ကိုမြင်ဖူးပါသည်။ ကွမ်းမစားဘဲ ချွေတာလိုက်ပါက မိသားစုသုံးယောက်ရှိသည့် မိသားစုအတွက် တော်ရုံသင့်ရုံဟင်းတစ်မျိုးမျိုးဖြင့် ထမင်းစား၍ရပါသည်။

ပြောချင်သည်မှာ ကြိုက်တတ်၍ စားတတ်လျှင်လည်း စည်းနှင့်ကမ်းနှင့် စားကြရန်နှင့် မစားဘဲနေ၍ရလျှင်လည်း ကွမ်းကြောင့်ဖြစ်နိုင်သည့်ရောဂါများ မဖြစ်ပွားစေရုံမျှမက မိသားစု၏တစ်နပ်စာဈေးဖိုးကာမိပါသောကြောင့် တန်လျှင်ဆေး လွန်လျှင်ဘေး ဖြစ်စေတတ်သော ကွမ်းစားခြင်းကို ဆင်ခြင်စားသုံးကြပါဟု အကြံပြုရေးသား လိုက်ပါသည်။ ***(မေနိုင်-စာနယ်ဇင်း)***

ဖေဖော်ဝါရီ ၁၂ ရက်က မူဆယ်မြို့ ဟူမွန်ရပ်ကွက်တွင် ခရိုင်နှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာတို့ ပူးပေါင်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၃-၃-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀	နံနက်ခင်းသတင်း
၈:၀၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ

နေ့လယ်ပိုင်း

၁၁:၂၅	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၅၀	နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ

ညပိုင်း

၄:၄၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
၅:၃၀	အနုပညာကြေးမုံတစ်ချပ်ကို **ခံစားကြည့်ခြင်း** (နန်းတော်ရှေ့ဆရာတင်၏သီချင်းများ ဝင်းဦး သီဆိုသည်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၄၀	**အမြတ်ဆုံး (၄)ပါး** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ)
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၈၆)
၃:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့် လှစေသူ** (အပိုင်း-၂)
၆:၀၀	MRTV-4 သတင်း
၆:၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၁၀)
၈:၀၀	MRTV -4 သတင်း
၁၁:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၈၇)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Liverpool - Arsenal	(ESPN)
၉:၂၅	Man City - Bolton	(ESPN)
၉:၂၅	West Brom - Chelsea	(Star Sports) (MRTV-4)

နိုင်ငံတော်အစိုးရက မီဒီယာကဏ္ဍကို စတုတ္ထမဏ္ဍိုင်အဖြစ် တည်ဆောက်ပြီး ပြုပြင်ပြောင်းလဲမှုများနှင့် မီဒီယာလွတ်လပ်ခွင့် ဖြေလျှော့ပေးနေ

မိတ်ဖက် (၃) နိုင်ငံနှင့် ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ ညီလာခံသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁ ရက်အထိ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ ညီလာခံ (11th Conference of ASEAN Minister Responsible for Information - 11th AMRI)သို့ တက်ရောက်ခဲ့သည်။

ညီလာခံ ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက်ပိုင်းတွင် ကွာလာလမ်ပူမြို့ Royale Chulan Hotel ဟိုတယ်၌ ကျင်းပရာ မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Tan Sri Dato' Haji Muhyiddin bin Haji Mohd Yassin ၊ အာဆီယံပြန်ကြားရေးဝန်ကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဗဟုသုတကြွယ်ဝ

ဖွင့်ပွဲအခမ်းအနားတွင် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာ၌ အာဆီယံပြည်သူများအကြား သတင်းအချက်အလက်များ သွက်လက်စွာ ရောက်ရှိမှသာ အာဆီယံအသိအမြင်နှင့် အခြားအသိအမြင် ဗဟုသုတ ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သမားရိုးကျမီဒီယာများသာမက လူထုဆက်သွယ်ရေးနည်းလမ်း မီဒီယာသစ် (social media) များအတွက် သတင်းအချက်အလက်များ ဖြန့်ဝေပေးပို့နိုင်မည့် အခြေအနေနှင့် လမ်းကြောင်းများစွာကို ခင်းကျင်းတည်ဆောက်ပေးထားသင့်ကြောင်း၊ သို့မှသာ အာဆီယံပြည်သူများအနေဖြင့် ခေတ်နောက်ကျကျန်နေခြင်းမရှိသည့်အပြင် သတင်းအချက်အလက်မှန်များကို သိရှိနေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၁၁)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ ညီလာခံ တံခါးပိတ်အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မလေးရှားနိုင်ငံ ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Mr. Dato' Seri Utama Dr. Rais Yatim က ဆောင်ရွက်ပြီး ဒုတိယ သဘာပတိအဖြစ် ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံပြန်ကြားရေးဝန်ကြီးများ ညီလာခံ၏ Theme ဖြစ်သော Media: Connecting Peoples and Bridging Cultures Towards One ASEAN Community (တစ်ခုတည်းသော အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး၊ ပြည်သူများနှင့် ယဉ်ကျေးမှု အစဉ်အလာများကို မီဒီယာဖြင့် ပေါင်းကူးပေး)နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ရှင်းလင်းဆွေးနွေး

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မီဒီယာကို အာဆီယံပြည်သူများ၏ ကောင်းရာကောင်းကျိုး ဖော်ဆောင်ပေးမည့် လုပ်ငန်းများတွင် အသုံးချရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်နိုင်ရေး၊ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး လုပ်ငန်းစဉ်များကို ပြန်ကြားရေးကဏ္ဍမှ ပိုမို အထောက်အကူပြုနိုင်ရေးဆိုင်ရာများ၊ မိတ်ဖက်(၃)နိုင်ငံနှင့် ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မီဒီယာကဏ္ဍကို စတုတ္ထမဏ္ဍိုင်အဖြစ် အခိုင်အမာတည်ဆောက်နေသည့် လုပ်ငန်းများ၊ မီဒီယာကဏ္ဍတွင် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများနှင့် မီဒီယာလွတ်လပ်ခွင့်အတွက် ဖြေလျှော့ပေးနေမှုများကို ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့်အဖွဲ့က ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အာဆီယံပြည်သူများအကြား အာဆီယံအသိအမြင်ကြွယ်ဝရေး၊ တစ်ခုတည်းသော အာဆီယံအသိုက်အဝန်း တည်ဆောက်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်နေသော အာဆီယံပြန်ကြားရေး စီမံကိန်းများ၊ ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်နိုင်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ပြန်ကြားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များ၊ မိတ်ဖက်(၃)နိုင်ငံဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့နှင့် ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ဒုတိယအကြိမ် အာဆီယံပြန်ကြားရေးဝန်ကြီးများနှင့် မိတ်ဖက်(၃)နိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (2nd AMRI + 3) ကို မတ် ၁ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဦးစိုးဝင်းက အစည်းအဝေး ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ဖြေကြားခဲ့

အစည်းအဝေးအပြီးတွင် သတင်းစာရှင်းလင်းပွဲကို ကျင်းပရာ (၁၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ ညီလာခံ ဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ အိမ်ရှင်မလေးရှားနိုင်ငံ ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးစိုးဝင်းတို့က ရှင်းလင်းပြောကြားကာ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

(၁၁)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ ညီလာခံ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (11th AMRI, Senior Official Meeting) ကို ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ်မြောက် အာဆီယံပြန်ကြားရေး အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဖက်(၃)နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (2nd SOMRI +3) ကို ဖေဖော်ဝါရီ ၂၉ ရက်တွင် လည်းကောင်း ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့်အဖွဲ့ တက်ရောက်ခဲ့သည်။

(၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စုတွင် မိုးပွင့်အဆင့် (၂) နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို အဆိုပါ ကျေးရွာတွင် ဆောင်ရွက်ပေးခဲ့ပြီး ဖေဖော်ဝါရီ ၃ ရက်တွင် ဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၁၀ ကို မြို့နယ်ဦးစီးဌာနမှူး ဦးလှငွေးနှင့် ဝန်ထမ်းများက တစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်စဉ်။ (၄၀၁)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂

၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာ အကြံပြုရှင်းလင်း ဆွေးနွေးပွဲကို မတ် ၁ ရက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်း ကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ စီမံဆောင်ရွက်နေမှုများအပေါ် UNFPA က အကြံပြုဆွေးနွေးနိုင်ရေး ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel-Ahad က သန်းခေါင်စာရင်း ကောက်ယူရေးအတွက် UNFPA က ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ အကြံပေးပုဂ္ဂိုလ် Mr. Ricardo Neupert က သန်းခေါင်စာရင်းကောက်ယူရာတွင် နည်းပညာနှင့်စက်ကိရိယာများ လိုအပ်မှု၊ ကွင်းဆင်းလေ့လာမှုနှင့် သင်တန်းများဖွင့်လှစ်ပို့ချရန်လိုအပ်မှု၊ ကောက်ယူမည့် လူဦးရေစာရင်းဇယားများ တိကျမှန်ကန်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရမည့်အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများနှင့် လုပ်ငန်းဆိုင်ရာ အခြေပြဇယားတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နောင်ချိုတွင် ဖြိုးသုတစာကြည့်တိုက်ဖွင့်

နောင်ချို မတ် ၂

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ဘန့်ဘွေးကျေးရွာ၌ ဖြိုးသုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များက စာအုပ်စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၃၉ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း စည်းကမ်းချိုးဖောက်သဖြင့် သိမ်းဆည်းခဲ့သည့်လိုင်စင်ရှိ မော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများအား ပိုင်ဆိုင်မှုအထောက်အထားများပြသ၍ ဒဏ်ကြေးငွေ ၅၁၅၀၀ ပေးဆောင်ပြီး သက်ဆိုင်ရာရဲစခန်း၊ ယာဉ်ထိန်းနယ်မြေများတွင် ထုတ်ယူနိုင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါဆိုင်ကယ်များအား ၃၁-၃-၂၀၁၂ ရက်နေ့အတွင်း ဒဏ်ငွေပေးဆောင်၍ ထုတ်ယူကြပါရန်နှင့် အဆိုပါနေ့ရက် ကျော်လွန်ပါက ပြန်လည်ထုတ်ပေးမည်မဟုတ်ဘဲ နိုင်ငံပိုင်အဖြစ်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သဘာဝဘေးကို ကြိုတင်စီမံပြင်ဆင်မှုဖြင့် အနိုင်ယူကြမည်

အညတရ

ယနေ့ကမ္ဘာတစ်လွှားတွင် ဘေးအန္တရာယ်များ အဖြစ်များလျက်ရှိရာ ယခင်ထက် ပျက်စီးဆုံးရှုံးမှုများလည်း ပိုမိုများပြားလာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဖြစ်စဉ်များရှိခဲ့သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအဟန့်အတား ဖြစ်စေသည်ကို တွေ့ရှိရပါသည်။ ဘေးအန္တရာယ်ကြောင့် ထိခိုက်သေကျေ ပျက်စီးဆုံးရှုံးမှုများတွင် ဘေးအမျိုးအစားနှင့် ဘေး၏ ပြင်းအားပမာဏချင်းတူပါလျက် အချို့သောဘေးများတွင် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုပမာဏများပြီး အချို့သောဘေးများတွင်မူ ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုပမာဏ နည်းပါးသည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။

ဥပမာအားဖြင့် ၂၀၁၀ ခုနှစ်တွင် ရစ်ချ်တာစကေး ၇ ဖြင့် လှုပ်ခဲ့သည့် ဟေတီငလျင်တွင် သေဆုံးသူ ၃၁၄၀၀၀ ဦးရှိခဲ့ပြီး ပိုမိုပြင်းထန်သော ရစ်ချ်တာစကေး ၈ ဒသမ ၈ ဖြင့်လှုပ်ခဲ့သည့် ချီလီငလျင်တွင်မူ လူနေအိမ် ငါးသိန်းကျော် ပျက်စီးခဲ့သော်လည်း သေဆုံးသူ ၇၀၈ ဦးသာရှိပါသည်။

တစ်ဖန် မြန်မာနိုင်ငံ၌လည်း ပျမ်းမျှလေတိုက်နှုန်း မိုင် ၁၂၀ နှင့် တိုက်ခဲ့သော ၂၀၀၈ ခုနှစ် "နာဂစ်" ဆိုင်ကလုန်းမုန်တိုင်းဘေးတွင် သေဆုံး/ပျောက်ဆုံးသူ ၁၃၈၃၇၃ ဦးရှိပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၁ ဒသမ ၇ ထရီလီယံဖြစ်သော်လည်း အလားတူ ပျမ်းမျှလေတိုက်နှုန်း မိုင် ၁၂၀ နှင့်ပင်တိုက်ခဲ့သော ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်းဘေးတွင်မူ သေဆုံး/ပျောက်ဆုံးသူ ၅၈ ဦးနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၀ ဒသမ ၀၂၄ ထရီလီယံသာရှိခဲ့သည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ဘေးအမျိုးအစားနှင့် ပြင်းအားချင်းတူပါလျက် သေကျေပျက်စီးဆုံးရှုံးမှုပမာဏတွင် ကွာခြားရခြင်းကို လေ့လာသည့်အခါတွင် သဘာဝဘေးကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးနိုင်မှု ပမာဏအနည်းအများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာပညာရှင်များနှင့် သုတေသီများဖော်ထုတ်ထားသော အောက်ဖော်ပြပါ အချက်(၃)ချက်ကြောင့် ဖြစ်ရသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်-

(က) ဘေးဖြစ်ပွားရာဒေသ၏ ပျော့ကွက်၊ အားနည်းချက်များရှိနေမှု အတိုင်းအတာ (ဘေးအန္တရာယ်ရှိသော မြေအနေအထားဖြစ်သည့် မြစ်ရိုး၊ ချောင်းရိုး၊ မြေနိမ့်ဒေသ၊ လေကာမဲ့သောကွင်းပြင်နှင့် ငလျင်ဇုန် စသောနေရာများတွင် မြို့ရွာတည်ထောင်ထားခြင်း)နှင့် ဒေသ၏ လူနေမှု အစိပ်အကျဲ၊

(ခ) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များနှင့် မိမိတို့၏ ပါဝင်ရမည့် အခန်းကဏ္ဍကို ပြည်သူလူထုက သိရှိထားမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအပေါ် ပြည်သူလူထုမှ စိတ်ဝင်စားမှုအခြေအနေ၊ သဘာဝဘေးများကို ကြိုတင်မြော်တွေး၍ စီမံပြင်ဆင်ထားမှု၊ လေ့ကျင့်ဇာတ်တိုက်ထားမှုအခြေအနေ၊

(ဂ) ကျရောက်သော သဘာဝဘေးအမျိုးအစားနှင့် ပြင်းအားအတိုင်းအဆ၊ ဖော်ပြပါ အချက်(၃)ချက်အနက် တတိယအချက်ကို မိမိတို့လူသားများအနေဖြင့် ပြုပြင်၍မရသော်လည်း ပထမနှင့် ဒုတိယအချက်ကိုမူ ပြုပြင်ရနိုင်သဖြင့် စဉ်းစားဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါသည်။ ဟေတီနှင့် ချီလီငလျင်များကို နှိုင်းယှဉ်ကြည့်သည့်အခါတွင် ဟေတီငလျင်တွင် ပထမအချက်ဖြစ်သော ဘေးဖြစ်သည့်ဒေသ၏ ပျော့ကွက်အားနည်းချက်မှာ ငလျင်ဇုန်ကို မစဉ်းစားဘဲ မြို့ပြထူထောင်ထားသည့်အပြင် လူဦးရေလည်း ထူထပ်သည်ကိုတွေ့ရှိရပါသည်။ ဒုတိယအချက်ဖြစ်သည့် ပြည်သူလူထုအနေဖြင့် ငလျင်နှင့်ပတ်သက်သည့် အသိဗဟုသုတ နည်းပါးသဖြင့် ကြိုတင်စီမံပြင်ဆင်မှုများမပြုလုပ်ခဲ့သည့်အတွက် ငလျင်လှုပ်သောအခါ အဆောက်အအုံများ ပြိုကျပျက်စီးပြီး လူထိခိုက်သေကျေမှုများပြားခဲ့ရပါသည်။ ဟေတီငလျင်ထက် ပိုမိုပြင်းထန်သော ပြင်းအားပမာဏဖြင့် လှုပ်ရှားခဲ့သည့် ချီလီငလျင်တွင်မူ ဘေးဖြစ်သောဒေသသည် ငလျင်ဇုန်အတွင်း ကျရောက်နေသော ပျော့ကွက်အားနည်းချက်များရှိခဲ့သဖြင့် ဟေတီငလျင်ကဲ့သို့ပင် အဆောက်အအုံများ ပျက်စီးမှုများပြားသော်လည်း ပြည်သူလူထုအနေဖြင့် ငလျင်နှင့်ပတ်သက်၍ အသိရှိမှုနှင့် ကြိုတင်စီမံပြင်ဆင်ထားမှုကောင်းသဖြင့် လူသေဆုံးမှုတွင် ဟေတီငလျင်ကဲ့သို့ မများသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

အလားတူ မြန်မာနိုင်ငံတွင်ဖြစ်ခဲ့သော နာဂစ်မုန်တိုင်းနှင့် ဂီရိမုန်တိုင်းတို့၏ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို နှိုင်းယှဉ်ကြည့်လျှင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်နေသဖြင့် မုန်တိုင်းအန္တရာယ်ကို အလွယ်တကူကြုံတွေ့ရသောဒေသတွင် ကျရောက်နေခြင်း၊ မြေပြန့်ကွင်းပြင်များသာရှိသဖြင့် သဘာဝမြေအနေအထားအရ သဘာဝဘေးဒဏ်မှ ခိုလှုံရန်နေရာများ (ဥပမာ- မုန်တိုင်းဒီရေ၊ ဆူနာမီရေလှိုင်းနှင့် လျှပ်တစ်ပြက်ရေကြီးခြင်းတို့ ဖြစ်လာလျှင် ခိုအောင်းရန် သဘာဝမြေအနေအထား တောင်ကုန်း မြေမြင့်ဒေသများ) မရှိခဲ့ခြင်း၊ လူဦးရေထူထပ်ခြင်းတို့အပြင် ပြည်သူလူထုသည် သဘာဝဘေးနှင့်ပတ်သက်၍ နာဂစ်မုန်တိုင်းကဲ့သို့ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးတိုက်ခိုက်မှု အတွေ့အကြုံ ယခင်ကမရှိခဲ့၍ ကြိုတင်စီမံပြင်ဆင်မှုများ ထိထိရောက်ရောက် မပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် မုန်တိုင်းဝင်ရောက်သည့်အခါ သေကျေထိခိုက်ပျက်စီးမှု များပြားခဲ့ရခြင်းဖြစ်ပါသည်။

ဂီရိမုန်တိုင်းဖြစ်စဉ်တွင်မူ ဘေးဒဏ်ခံစားရသောဒေသသည် ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်နေသဖြင့် မုန်တိုင်းအန္တရာယ် အလွယ်တကူကြုံတွေ့ရသောဒေသတွင် ကျရောက်နေသော်လည်း သဘာဝမြေအနေအထားအရ ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်မှ လွတ်ကင်းခိုလှုံနိုင်သော ကုန်းမြင့်နေရာများရှိပြီး လူဦးရေထူထပ်မှုမရှိသည်ကို တွေ့ရှိရပါသည်။ ကြိုတင်ပြင်ဆင်စီမံထားမှုအခြေအနေတွင်လည်း ပြည်သူလူထုအနေဖြင့် နာဂစ်မုန်တိုင်းမှရသော အတွေ့အကြုံနှင့် နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်းအသီးသီး၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးအစီအစဉ်များအရ ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းများကို သိရှိနေပြီးဖြစ်သည့်အတွက် ကြိုတင်စီမံပြင်ဆင်မှုများ အထိုက်အလျောက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းရခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဘေးကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုကို လျော့နည်းသက်သာစေရန်အတွက် အထက်ဖော်ပြပါ အကြောင်း (၃)ရပ်အနက် မိမိတို့လူသားများ ပြုပြင်၍မရသော တတိယအချက်ကို ချန်လှပ်၍ ကျန်နှစ်ချက်ကို ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ရာ ပထမအချက်အား လတ်တလောပြုပြင်ရန်မှာ ခက်ခဲသည့်လုပ်ငန်းဖြစ်ပြီး ရေရှည်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ ဒုတိယအချက်ဖြစ်သော ကြိုတင်စီမံပြင်ဆင်ထားမှုအခြေအနေကို ရရှိစေရန်အတွက် ပြည်သူလူထုအား သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်နှင့် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ရမည်ကို သိရှိစေရန်အတွက်လည်းကောင်း၊ သဘာဝဘေးနှင့်ပတ်သက်၍ အသိနှင့် နိုးကြားမှုရှိရေးအတွက်လည်းကောင်း၊ သဘာဝဘေးများဖြစ်လာပါက ရှောင်တတ်တိမ်းတတ်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း (ဥပမာ ဆူနာမီဇာတ်တိုက်လေ့ကျင့်ခြင်း၊ လျှပ်တစ်ပြက်မြစ်ရေကြီးမှု ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်း စသည်ဖြင့်) အတွက်လည်းကောင်း ဆောင်ရွက်သွားရန်လိုအပ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထုသို့ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့် သဘာဝဘေးဆိုင်ရာဗဟုသုတများကို အသိပညာပေးဆွေးနွေးသွားရမည် ဖြစ်ပါသည်။

ထိုသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးလုပ်ငန်းများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် သဘာဝဘေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သည့် ဦးစီးဌာနများ၊ UN, INGO နှင့် NGO အဖွဲ့များနှင့် ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းများကို တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင် အလှည့်ကျဖွင့်လှစ်ပေးလျက်ရှိပါသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိဗဟုသုတများအား ကျေးလက်ပြည်သူလူထုထံ ရောက်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးသွားရမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်နိုင်သည်နှင့်အမျှ သဘာဝဘေးဖြစ်လာသည့်အခါများတွင် သေကျေထိခိုက်ပျက်စီးမှုများ လျော့နည်းသက်သာစေမည်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်လျော့ပါးစေရန် ဆောင်ရွက်ရသော ကြိုတင်စီမံပြင်ဆင်မှုလုပ်ငန်းများအတွက် ငွေအား၊ လူအားနှင့် အချိန်အားတို့ကို ကြိုတင်ရင်းနှီးမြှုပ်နှံပေးရန် လိုအပ်ပါသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံပေးမှုသာလျှင် သဘာဝဘေးဖြစ်သည့်အခါတွင် ထိုတန်ဖိုးထက် အဆများစွာ သာလွန်သော ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများကို လျော့နည်းသက်သာစေမည် ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များအနေဖြင့် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ သင်တန်းတက်ပြီးသည့် ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များကို အသုံးပြု၍ ကျေးလက်နေ ပြည်သူလူထုသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်၍ စဉ်ဆက်မပြတ်ပြုလုပ်သွားကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကရင်ပြည်နယ်ဝန်ကြီးချုပ်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာအနီးရှိ တောင်သူဦးဝင်းနိုင်၏ စပါး၊ ဖရဲ၊ ကြက်နှင့် ငါးမွေးမြူရေးခြံ၏ ဖြစ်ထွန်းအောင်မြင်မှုများ၊ ဘားအံငါးလုပ်ငန်းစခန်း၌ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ရေချိုပုစွန်များ ဆေးထိုးသားဖောက်ဆောင်ရွက်ထားရှိမှုနှင့် လာမည့်မိုးကာလတွင် ငါးမျိုးစိုက်ထည့်ရန် ငါးသားပေါက်သားဖောက်ထားရှိမှုများ၊ ကျုံဖဲကျေးရွာအနီး ဒေသခံများ၏ ဖရဲစိုက်ခင်းများကို ကြည့်ရှုကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် ကျုံဖဲကျေးရွာဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အားကြည်ညိုပြီး လှူဖွယ်ပစ္စည်းများလှူဒါန်းကာ ကျုံဖဲ၊ ကော့လမု၊ ခရားအတွင်း၊ ခရားအပြင်၊ သံလှယ်၊ ကျားကလေး၊ ဇာသပြင်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ကျုံဖဲ-ကော့လမု-ခရားအတွင်း-ခရားအပြင်-သံလှယ်-ကျားကလေး ကျေးရွာချင်းဆက် လမ်းပိုင်းများနှင့် တံတားများကို ကြည့်ရှုစစ်ဆေးပြီး ဘားအံမြို့နယ် ဘုရားကုန်းငြိမ်းချမ်းရေးကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းနေသော ကြက်ဆင်မွေးမြူမှုနှင့် နို့စားနွားမများ၊ ခိုင်းနွားများမွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံယူ

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ကြေးတိုင်စု(၁)လမ်း အမှတ် ၃၅ နေ ဒေါ်ရီရီမြင့်နှင့် သမီးလေး မမေစန္ဒာရီမင်းတို့က ဦးဇော်မင်း 3rd Engineer (East Windship Management Pte ., Ltd) အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးဘေးရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၂-၃-၂၀၁၂

မြတ်ဘုရားရွှေတိဂုံစာအုပ် ဒုတိယအကြိမ်ထုတ်ဝေဖြန့်ချိ



စာရေးဆရာ မောင်ဆုရှင်ရေးသားသည့် မြတ်ဘုရားရွှေတိဂုံစာအုပ် ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် ရွှေတိဂုံစေတီတော်ကြီး ရင်ပြင်တော်ပေါ်သို့ အဖူးအမြော် ရောက်ရှိသူများအတွက် နေရာစုံ၊ ထောင့်စုံဖူးမြော်နိုင်ရန် ဘုရားဖူးလမ်းညွှန် အခန်းကိုလည်း အသစ်ရေးဆွဲထားသော ကုန်းတော်မြေပုံနှင့်တကွ သီးခြားဖော်ပြထားသည်။ ရွှေတိဂုံ စေတီတော်ကြီး၏ အတိုင်းအတာအချက်အလက်များ၊ သမိုင်းရက်စွဲများ၊ ပညာရှိသူတော်ကောင်းတို့ သီကုံးရေးဖွဲ့ထားသော ကဗျာလင်္ကာများ၊ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ကျော်၊ ၂၀၀နီးပါးက တွေ့ရမြင်ရခဲသော ရှားပါးဓာတ်ပုံများနှင့် ဘုရားဖူးများအတွက် လမ်းညွှန်မြေပုံများကို သီးခြားထည့်သွင်း ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို Novel Light Express ဖုန်း-၃၉၁၁၈၆ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

ပြည်သူချစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုလစဉ်မှတ်တမ်းစာအုပ် (၁၉၄၅-၄၇)စာအုပ်ထုတ်ဝေ

ဝါရင့်စာရေးဆရာ သတင်းစာဆရာကြီး မေမြို့ချစ်ဆွေပြုစုသော "ပြည်သူချစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု လစဉ်မှတ်တမ်း (၁၉၄၅-၄၇)" စာအုပ်ကို မျိုးဆက်သစ်စာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်းစာအုပ်တွင် အပိုင်းနှစ်ပိုင်းပါဝင်သည်။ "ပြည်သူချစ်သောဗိုလ်ချုပ်အောင်ဆန်း"အပိုင်းတွင် ဝါရင့်သတင်းစာဆရာကြီးတစ်ဦးက နှစ်ရှည်လများ စုဆောင်းထားသော ရှားပါးလှသည့် သတင်းစာများ၊ ဂျာနယ်များတွင် ရေးသားဖော်ပြခဲ့သော ဗိုလ်ချုပ်ကိုယ်တိုင်ရေးသားသော စာများ၊ ဟောပြောချက်များ၊ မိန့်ခွန်းများ ပါဝင်သည်။ ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အနီးစပ်ဆုံးပုဂ္ဂိုလ်များ၊ ရဲဘော်ရဲဘက်များက ဗိုလ်ချုပ်အပေါ် ရှုထောင့်အမျိုးမျိုးမှနေ၍ ရေးသားခဲ့ကြသော ဆောင်းပါးများကိုလည်း စုစည်းဖော်ပြထားသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု လစဉ်မှတ်တမ်း (၁၉၄၅ - ၄၇) အပိုင်းတွင် ဗိုလ်ချုပ်၏ အတ္ထုပ္ပတ္တိမထွက်ပေါ်သေးသည့် သမိုင်းလစ်ဟာကွက်ကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းသောအားဖြင့် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလအတွင်း ဗိုလ်ချုပ်၏လှုပ်ရှားလုပ်ဆောင်မှုများကို မှတ်တမ်းသဖွယ် တင်ပြထားသည်။

စာပေဗိမာန်စာအုပ်ဆိုင်အပါအဝင် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး မြန်မာတစ်ပြည်လုံး ဖြန့်ချိရေးအတွက် မျိုးဆက်သစ်စာပေဖြန့်ချိရေး အမှတ် ၂၄၂ (တတိယထပ်) မဟာဗန္ဓုလပန်းခြံလမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၅၁၇၄ မှ ထုတ်ဝေဖြန့်ချိကြောင်း သိရှိရသည်။

ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း စာအုပ်ထုတ်ဝေဖြန့်ချိ



ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ ရေးသားထားသော ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့်ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူများ၊ ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်းများနှင့် စပ်လျဉ်း၍ ရေးသားထားသည်။

အဆိုပါစာအုပ်ကို အလင်းသစ်စာပေတိုက် ၆ အခန်း၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၁၀၂ တွင် ငွေကျပ် ၁၂၀၀ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

အလင်းသစ်ရာထူးဝင်ခွင့် လမ်းညွှန်စာအုပ်ထုတ်ဝေ

အလင်းသစ် စာတည်းအဖွဲ့၏ အလင်းသစ်ရာထူးဝင်ခွင့် လမ်းညွှန် (အထွေထွေဗဟုသုတ၊ မြန်မာစာ) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် စာမေးပွဲဖြေဆိုနေသူများအတွက် အထွေထွေဗဟုသုတနှင့် မြန်မာစာဘာသာရပ်များ၊ ဘာသာရပ်အလိုက် မေးလေ့မေးထရှိသည့်မေးခွန်းများ၊ လေ့ကျင့်ရမည့် လေ့ကျင့်ခန်းများ၊ ရေးဖြေနှုတ်ဖြေအတွက် သိထားသင့်သည့်အချက်များကို ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို အလင်းသစ်စာပေ တိုက် ၆ အခန်း ၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၁၀၂ တွင် တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

▲ ရှေ့ဖုံးမှ

ဤရေထိန်းတံခါးကြီး ဖွင့်လှစ်အသုံးပြုနိုင်ခြင်းကြောင့် ငမိုးရိပ်ဆည်ရေသောက် စက်မှုလယ်ယာစနစ် စံပြအထူးစိုက်ပျိုးရေးဇုန်ဧက ၁၀၀၀၀ အတွက်သာမက နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ၏ အခြေခံ လိုအပ်ချက်ဖြစ်သော မျိုးကောင်း မျိုးသန့် မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်ပေးပြီး ဖြန့်ဖြူးပေးနိုင်မည့် မျိုးစေ့ထုတ်စိုက်ကွင်းကြီးများကို ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ရာ တောင်သူလယ်သမားများအတွက် အားသစ်၊ မာန်သစ်၊ သွေးသစ်၊ စွမ်းအားသစ်များ လောင်းသောနေ့ဟု တင်စားပြောကြားလိုကြောင်း။

၂၀၀၈ ခုနှစ်မှစတင်ပြီး ဤဒဂုံမြို့သစ် လယ်မြေဧက ၁၀၀၀၀ ခန့်အား ခေတ်မီစက်မှုလယ်ယာစနစ် စိုက်ပျိုးရေးအထူးဇုန်အဖြစ် ရည်မှန်းအကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ရာ ယနေ့ကာလတွင် ရာနှုန်းပြည့်နီးပါး ဖြစ်ထွန်းအောင်မြင်လျက်ရှိသော တစ်ဆက်တစ်စပ်တည်း စပါးစိုက်ကွင်းကြီးများအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် ကိုယ်တိုင်ပါဝင်ခဲ့ကြသည့် ရင်းနှီးမြှုပ်နှံသူကုမ္ပဏီများ၊ တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးပညာရှင်များအား အထူးမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

မျိုးကောင်းမျိုးသန့်

ဆန်စပါးသီးနှံမှ ဝင်ငွေအကျိုးကျေးဇူးထိရောက်စွာ ခံစားရရှိနိုင်ရေးအတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်သော မျိုးကောင်းမျိုးသန့် မျိုးစေ့များ၊ တောင်သူများ စိုက်ပျိုးအသုံးပြုနိုင်ရန် ဤဇုန်အတွင်း ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းအား ကုမ္ပဏီကြီးများက နိုးကြားစွာ ပူးပေါင်းပါဝင်လုပ်ဆောင်နေမှုအပေါ် တောင်သူလယ်လယ်သမားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆ လက်တွေ့ခံစားရရှိနိုင်မည့် ဈေးကွက်သေချာသော ပုလဲသွယ်စပ်မျိုးစပါး ထုတ်လုပ်နေကြသည့် Green Asia Co., Ltd၊ Dagon International Co., Ltd၊ Sun Moon Star Co., Ltd တို့နှင့် စိုက်ပျိုးရေးပညာရှင်များအားလုံးကို နိုင်ငံတော်အစိုးရနှင့် တောင်သူလယ်သမားများကိုယ်စား လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း။

တန်ဖိုးမြင့်ထုတ်ကုန်

တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သော စပါးသီးနှံများကို ခေတ်မီစက်ကိရိယာများ အသုံးပြု၍ စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့ခြင်း၊ အခြောက်ခံခြင်း၊ ခေတ်မီစက်ကြီးများဖြင့် ကြိတ်ခွဲခြင်း၊ စနစ်တကျထုပ်ပိုးခြင်း၊ ဈေးကောင်းကောင်းဖြင့် နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊ ရရှိလာသော အကျိုးအမြတ်ကို တောင်သူလယ်သမားများအား ထိုက်တန်စွာ ခွဲဝေခံစားစေခြင်း **အစ-အလယ်-အဆုံး** (Total Solution) ရောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် အခြေခံတောင်သူလယ်သမားများ၏ ဝင်ငွေနှစ်ဆ မလွဲဧကန် တိုးတက်ခံစားရရှိလာစေနိုင်မည်ဖြစ်ကြောင်း၊ အဓိက စပါးသီးနှံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ကျန်ရှိသော သီးနှံအမယ်များကို ကုန်ကြမ်းအဆင့်ဖြင့် ဈေးကွက်တင်ရောင်းချနေရသည်မှ တန်ဖိုးမြင့်ထုတ်ကုန် Value Added Product အဆင့်ရောက်အောင် လုပ်ငန်းရှင်ကြီးများအနေဖြင့် တောင်သူလယ်သမားများ၏ အခြေခံဝင်ငွေအား ပိုမိုတိုးတက်ရရှိခံစားနိုင်အောင် 'Agro- Base Industry' များ ရင်းနှီးမြှုပ်နှံထူထောင်အကောင်အထည်ဖော်ပေးကြပါရန်လည်း တိုက်တွန်းလိုပါကြောင်း။

ဥပမာ ခရမ်းချဉ်သီး သီးနှံအမယ်မှ ခရမ်းချဉ်ယို၊ ခရမ်းချဉ်သီးဆော့၊ ခရမ်းချဉ်သီးဖျော်ရည် (Tomoto Juice)၊ မုန်ညင်းရွက်သီးနှံအမယ်မှ မုန်ညင်းချဉ်၊ မုန်ညင်းခြောက်၊ ကင်ချီ၊ သရက်သီး သီးနှံအမယ်မှ သရက်ယို၊ သရက်ချဉ်၊ သရက်သီးသနပ်၊ သရက်သီးဖျော်ရည် စသည့် Small and Medium Scale စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းငယ်များဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက် ရရှိခံစားနိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများ၏ နေ့စဉ်စိုက်ပျိုးသီးနှံများမှ ဝင်ငွေအားတိုးတက်ရရှိခံစားစေနိုင်မည်ဖြစ်ပြီး လူနေမှုဘဝကိုလည်း လက်တွေ့မြင့်တင် တိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

မြေကြီးမှ ရွှေသီးမည့်ခေတ်သို့ လက်တွေ့အမြန် ရောက်ရှိနိုင်ရေးအတွက် ကိုယ်တိုင်တိုးတက်အောင်မြင်ကြီးပွားလိုစိတ် ဆန္ဒပြင်းပြစွာဖြင့် စိတ်တူကိုယ်တူဆန္ဒတူဖြင့် ဤစံပြစက်မှုလယ်ယာစနစ် အထူးဇုန်မှ တစ်နိုင်ငံလုံးပျံ့နှံ့သည်အထိ တစ်လှေတည်းစီး တစ်ခရီးတည်းသွား ပန်းတိုင်ရောက်အောင် အားသွန်ကြိုးပမ်းပူးပေါင်း လုပ်ဆောင်ကြပါစို့ဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

များစွာအကျိုးရှိ

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း အဓိကကြီးမားသော တဘူးလှဆည်နှင့် ငမိုးရိပ်ဆည်တို့ရှိပြီး ငမိုးရိပ်ရေထိန်းတံခါးအနေဖြင့် ပင်လယ်ထဲသို့ အလဟဿ စီးဆင်းသွားမည့်ရေများကို ရေထိန်းတံခါးပြုလုပ်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးနှင့် ရန်ကုန်မြို့အတွက် သောက်သုံးရေကို အဓိကပံ့ပိုးပေးသော စီမံကိန်းဖြစ်၍ ပြည်သူလူထုအတွက် များစွာအကျိုးရှိကြောင်း။

ငမိုးရိပ်ဆည်နှင့် ငမိုးရိပ်ရေထိန်းတံခါး၊ ရန်ကုန်တိုင်းဒေသကြီး မြစ်ရေတင် စီမံကိန်းတို့မှ လက်ပန်ဒေသ ဧက ၉၃၀၀၊ မလစ်ကျေးရွာဧက ၅၀၀၊ ရေကျော်ကျေးရွာ ဧက ၆၀၀၊ စစ်ပင်တောင်းကျေးရွာ ဧက ၂၀၀၀၊ ဆင်ဖုံကျေးရွာ ဧက ၃၇၀၀၊ ဘားလား(၁) ဧက ၃၀၀၊ ဘားလား(၂) ဧက ၇၆၀ အတွက် ရေလုံလောက်စွာ ရရှိမည်ဖြစ်သည့်အတွက် တောင်သူလယ်သမားများ နှစ်သီးမှ သုံးသီးအထိ စိုက်ပျိုးနိုင်မည်ဖြစ်သည့်အတွက် မြေကြီးမှ ရွှေသီးသည့်ခေတ်သို့ မလွဲဧကန်ရောက်ရှိတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး မိမိတို့ လက်ဝယ်ရောက်ရှိလာသော ရေထိန်းတံခါးကို စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများနှင့် ဒေသခံတောင်သူလယ်သမားများက သားစဉ်မြေးဆက် ရေရှည်တည်တံ့ခိုင်မြဲနိုင်ရန်နှင့် အကျိုးကျေးဇူးခံစားနိုင်အောင် မိမိတို့၏ ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက် ရန်ကုန်တိုင်းဒေသကြီးတွင် ပထမဦးဆုံး ဖွင့်လှစ်သော ငမိုးရိပ်ရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်အားပေးကြသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် ရေထိန်းတံခါးကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး စပါးအပါအဝင် အခြားသီးနှံများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးစေပြီး လူနေမှုဘဝ ပိုမိုတိုးတက်မြင့်မားကာ လယ်သမားဘဝ တစ်ခေတ်ဆန်းသစ်လာစေရေး၊ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်၍ မြို့ပြနှင့်နီးသဖြင့် ပြည်သူလူထု လာရောက် အပန်းဖြေအနားယူနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တကွ ဒေသခံပြည်သူများက အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ ငမိုးရိပ်ရေထိန်းတံခါးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်းကျေးရွာအနီး တည်ရှိပြီး ရေတံခါးအရွယ်အစား ၈ ပေ၊ ၁၆ ပေ ၂၇ ပေါက် ပါဝင်၍ သံကူကွန်ကရစ်ရေတံခါးအမျိုးအစား ဖြစ်သည်။ ရေခေါ်မြောင်းမကြီးမှာ အလျားပေ ၁၆၀၀ ရှိပြီး အရှည်ပေ ၂၃၀ ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီ၏ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၅၀၀ စိုက်ကွင်း၊ တစ်နာရီလျှင် စပါးတင်း ၅၀ သန့်စင်နိုင်သော မျိုးစေ့သန့်စင်စက်နှင့် စပါးအခြောက်ခံစက် တည်ဆောက်တပ်ဆင်နေမှုကိုလည်းကောင်း၊ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းအား ငမိုးရိပ်လက်တံမြောင်းမှ ဆည်ရေကို လျှပ်စစ်မော်တာများဖြင့် ပေးဝေနေမှုကိုလည်းကောင်း၊ ဆန်းမွန်းစတားစိုက်ပျိုးရေးအထူးပြုကုမ္ပဏီ၏ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၃၀၀ ဖြစ်ထွန်းအောင်မြင်မှု၊ မျိုးစေ့သိုလှောင်ရုံနှင့် စိုက်ကွင်းအတွင်း အသုံးပြုမည့် ကောက်စိုက်စက်များနှင့် ခေတ်မီလယ်ယာသုံး စက်ကိရိယာများကိုလည်းကောင်း၊ ဂရင်းအေးရှား စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ၏ ဧက ၅၀၀ စိုက်ကွင်း၌ တစ်နာရီလျှင် တင်း ၅၀ မျိုးစေ့သန့်စင်နိုင်သော မျိုးစေ့သန့်စင်စက်၊ စပါးတင်း ၂၅၀၀ သိုလှောင်နိုင်သော သိုလှောင်ရုံ၊ ၄ နာရီလျှင် စပါးတင်း ၅၀၀ အခြောက်ခံနိုင်သော အခြောက်ခံစက်နှင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ၊ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ရေးအတွက် အဖိုလိုင်းနှင့်အမလိုင်း ဝတ်မှုန်ကူး ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား JGC Corporation အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ JGC Corporation (Hanoi Representative Office) မှ Chief Representative Mr. Ikuo Hoshino နှင့်အဖွဲ့သည် မတ် ၁ ရက် ည ၇ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** ဆောက်လုပ်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၁၂ ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာနစ်ကိုလိုင်းမလပ်ဒီနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား JICA ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ဒုတိယဥက္ကဋ္ဌ Mr. Izumi Arai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အောက်ပုံ)** လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား ကနေဒါနိုင်ငံ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးရေးဌာန ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား ကနေဒါနိုင်ငံ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးရေးဌာန ဥက္ကဋ္ဌ Mr. Gerard Philippe Latulippe သည် ယမန်နေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁)၌ လာရောက်တွေ့ဆုံသည်။ **(အောက်ဝဲပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ တိုင်းရင်းသား လူမျိုးစုကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၉ရက်က တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ ရပ်ကွက်အတွင်းရှိ အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်အေ၊ ကိုယ်ဝန်ဆောင်အားတိုးဆေး၊ သန်ချဆေး သုံးမျိုးတို့ကို ရပ်ကွက်ရုံး၌ တိုက်ကျွေးစဉ်။ (၀၄၄)

◆ ကျောဖုံးမှ

ပြေးဆွဲနေသော အမှတ်(၁၀၅) လိုင်းကားတစ်စီးသည် နောက်ပိတ်မှန်ကြီး လုံးဝမပါဘဲ ရန်ကုန်မြို့လယ်၌ ခရီးသည်အပြည့်တင်ဆောင်ကာ စည်းကမ်းမဲ့စွာ ပြေးဆွဲနေခြင်းဖြစ်သည်။

ကြပ်မတ်စစ်ဆေးအရေးယူသင့်

နိုင်ငံ၏ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်နှင့် ခရီးသည်ပြည်သူများ၏ မျက်နှာကိုမကြည့်ဘဲ အတ္တရှေ့တန်းတင်ကာ ပြေးဆွဲနေသည်မှာ မလုပ်သင့်သည့်လုပ်ရပ်ပင်ဖြစ်သည်။ အဆိုပါယာဉ်ကဲ့သို့ မော်တော်ယာဉ်အတွင်းပိုင်း၌ ပြိုယွင်းပျက်စီးနေသော အစိတ်အပိုင်းများကို ပြင်ဆင်မွမ်းမံခြင်းမရှိဘဲ ပြေးဆွဲနေသော လိုင်းကားများသည် ရန်ကုန်မြို့တွင် အများအပြားပင်ရှိနေပေသည်။ ပြည်သူကို ဝန်ဆောင်မှုပေးနေသော အဆိုပါလိုင်းကားများကို တာဝန်ရှိယာဉ်လိုင်းများက တင်းတင်းကျပ်ကျပ် ကြပ်မတ်စစ်ဆေးအရေးယူသင့်ပေသည်။ မိမိတို့တိုင်းပြည်၏ ဂုဏ်ယူဖွယ်ရာမြင်ကွင်းနှင့် ဂုဏ်သိက္ခာကျဆင်းဖွယ်ရာမြင်ကွင်းနှစ်မျိုးကို ယှဉ်တွဲမြင်တွေ့လိုက်ရသောကြောင့် “မြင်နေတော့လည်း ပြောရပြန်ပြီ” ဟုပင် ဆိုလိုက်ရချေသည်။

❒ ကျောဖုံးမှ

ပထမဆုံး စတင်ဂေါက်ရိုက်ချိန်တွင် အသုံးပြုနိုင်သည့် အမြင့်ဆုံး အရှိန်တို့ဖြစ်သည်။

အဆိုပါစက်ရုပ်သည် ကိုယ်တိုင်ဂေါက်သီးရိုက်ပြီး ကိုယ်တိုင်ကျင်းစိမ်နိုင်သလို အတူဂေါက်သီးရိုက် ကစားနေသော လူသားကိုလည်း လိုအပ်သည့် အကြံဉာဏ်နှင့် အကူအညီများပေးနိုင်သည်။ ဂေါက်ရိုက်ကစားသူ၏ ဂေါက်အိတ်များကို သယ်ပိုးပေးနိုင်ပြီး ဂေါက်သီးများကိုလည်း လိုက်လံရှာဖွေပေးနိုင်သည်။

(အင်တာနက်)

ဒေသခံတိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာသင်ယူနိုင်ရန်နှင့် နည်းပညာတတ်မြောက်စေရန်အတွက် ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ

ကယားပြည်နယ် အတွင်းရှိ တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာများ သင်ယူနိုင်ရန်အတွက် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသည့် လွိုင်ကော်တက္ကသိုလ် ပင်မဆောင်(**ဝဲပုံ**)၊ သုံးထပ်စာသင်ဆောင်များ (**အပေါ်ပုံ**) နှင့် နည်းပညာတက္ကသိုလ် (လွိုင်ကော်) (**အောက်ပုံများ**)

- ✻ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု၏ စီမံကိန်းဝင် ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံတိုင်းရင်းသားလူငယ်များ အိုးမကွာ အိမ်မကွာဖြင့် အဆင့်မြင့်ပညာများ လွယ်လင့်တကူသင်ကြားနိုင်ရေးအတွက် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးထားသည်။
- ✻ လွိုင်ကော်ဒီဂရီကောလိပ်ကို လွိုင်ကော်တက္ကသိုလ်အဖြစ် ၂၀၀၃ ခုနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ပင်မသုံးထပ်ဆောင်သစ်ကြီးကို ၂၀၀၇ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ၂၀၀၈ ခုနှစ်တွင် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)ကို ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် နည်းပညာတက္ကသိုလ် (လွိုင်ကော်)ကို ဖွင့်လှစ်ပေးခဲ့သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်း တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ယာပုံ)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆွေးနွေးပြောကြားရာတွင် (၁၁)ကြိမ်မြောက် အာဆီယံ ကြေးနန်းဆက်သွယ်ရေးနှင့် အိုင်စီတီ ဝန်ကြီးများအဆင့် အစည်းအဝေးဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အာဆီယံနိုင်ငံများအတွင်း အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လက်တွဲကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်မှာ ဆယ်စုနှစ်တစ်ခုကျော်လွန်ခဲ့ပြီး ယခုအခါ အာဆီယံ (၁၀)နိုင်ငံအပြင် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ အီးယူတို့ပါ ပါဝင်၍ မိမိတို့ဒေသအကျိုးစီးပွားအတွက် အိုင်စီတီကဏ္ဍမြှင့်တင်ရေး ပူးပေါင်းအကောင်အထည်ဖော်နေကြသည်ကိုတွေ့ရသည့်အတွက် အထူးကျေနပ်ဝမ်းမြောက်မိကြောင်း၊ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆိုသည့် အာဆီယံဆောင်ပုဒ်အတိုင်း ရေရှည်ပူးပေါင်းဆောင်ရွက်၍ အကျိုးရှိမည့် နည်းလမ်းကောင်းများကို ရှာဖွေဖော်ထုတ်သွားကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများစွာရှိပါကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ကျေးလက်နေပြည်သူများအထိ အိုင်စီတီအသုံးပြုမှု ပျံ့နှံ့သွားစေရေးနှင့်ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် မိမိတို့နိုင်ငံ ထိထိမိမိ ပါဝင်လုပ်ကိုင်နိုင်စေရန်အတွက်လည်းကောင်း ဘဏ်စနစ် အပါအဝင် စီးပွားရေးလုပ်ငန်းများအား အိုင်စီတီဖြင့် မလွဲမသွေဆောင်ရွက်သွားရေးတို့ကို နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားထားသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အာဆီယံနိုင်ငံများမှ ပညာရှင်များပါဝင်၍ နိုင်ငံတော်၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့တွင်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍအနေဖြင့် မည်သို့မည်ပုံ ပိုမိုအထောက်အကူပြုဆောင်ရွက်နိုင်မည်ကို ပိုမိုကျယ်ပြန့်သည့် အလုပ်ရုံဆွေးနွေးပွဲကြီး တစ်ခုကို မကြာမီကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ အပိုင်း(၁)ကို စတင်ကျင်းပရာ ဦးမြင့်ကဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ICT အသုံးပြုခြင်းဖြင့် အစိုးရ၏ စီမံခန့်ခွဲမှုအုပ်ချုပ်ရေးယန္တရား ခိုင်မာအားကောင်းလာပြီး သန့်ရှင်းသော အစိုးရ (Clean Government) နှင့် ကောင်းမွန်သောအုပ်ချုပ်မှု (Good Governance) ဖြစ်ပေါ်လာစေရန်နှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ ကွန်ပျူတာအသင်းအဖွဲ့များမှ ပညာရှင်များကဆွေးနွေးအကြံပြုကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဒေါက်တာကျော်သိန်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး လက်ရှိမြန်မာနိုင်ငံ ICT ကဏ္ဍ၏ ပကတိအခြေအနေများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အခြေခံအဆောက်အအုံ(Enabling Environment)များအား ပြုစုတည်ထောင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ ကွန်ပျူတာအသင်းအဖွဲ့များမှ ပညာရှင်များက ဆွေးနွေးအကြံပြုကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပပြီး ကဏ္ဍ(၅)ခု၏ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှု (Sectoral Development) တို့အတွက် ဆွေးနွေး အကြံပြုချက်များတင်ပြကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ စဉ့်ကူးမြို့၌ကျင်းပ

စဉ့်ကူး မတ် ၂

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် လူမှောင်ခို လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့ ရွှေရတုခန်းမ၌ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခွာကုန်းက လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်တရားသူကြီး ဦးလှမျိုးလွင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးဆွေဦးတို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ဆက်စပ်သော တည်ဆဲဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် အရေးယူဆောင်ရွက်ရမှုများကို အသိပညာပေး ဟောပြောကြသည်။ ထို့နောက် စဉ့်ကူးမြို့နယ်ရဲစခန်းမှူး ရဲအုပ်ကျော်ကျော်ဦးက ယာဉ်တိုက်မှုလျှော့နည်းကျဆင်းရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန်အချက်များကို အသိပညာပေးရှင်းလင်းပြီး စည်းကမ်းဖောက်ဖျက်သူများအား သက်ဆိုင်သည့် ပြစ်မှုပြစ်ဒဏ် ဥပဒေပုဒ်မများနှင့်အတူ အရေးယူဆောင်ရွက်သွားမည့် အခြေအနေများကို ပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။ (၄၃၃)

ဖေဖော်ဝါရီ ၁၂ ရက်က ACA ပညာရိပ်ငြိမ်ကျောင်း၏ ဆုနှင်းသဘင် အခမ်းအနားကို အဆိုပါကျောင်း မုဒိတာရင်ပြင်၌ကျင်းပရာ အဋ္ဌမတန်းမှ ထူးချွန်ဆုရရှိသော မအင်ကြင်းမြတ်ဆုအား တာဝန်ခံဆရာမ ဒေါ်အေးအေးစိန် ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

သန့်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂

MR. KWON SOO GYOUNG သည် ဖေဖော်ဝါရီ ၄ ရက်က သန့်လျင်ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၇)သို့ ၁၀၁ ကိုက်အကွာမှ Callaway No.3 ဘောလုံးကို Swrd Wedge (TAIWA) တုတ်ဖြင့် ရိုက်လိုက်ရာတစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော MR. MOON CHEANG HO, MR. CHANG TUK GU, MR. TU TAE YOUNG တို့နှင့်အတူ ကစားခဲ့ကြောင်းသိရှိရသည်။ (၀၄၉)

မိတ္ထီလာမြို့ ဆင်းရပ် အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ရက်ကကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ နှစ်စဉ်ပထမ၊ မြို့နယ်သင်္ချာစွမ်းရည်ပထမဆုနှင့် တိုင်းအဆင့်သင်္ချာစွမ်းရည်တတိယဆုရ မောင်ဟိဏ်းလင်းထက်အား မြို့နယ်ပညာရေးမှူး ဦးသောင်းဦး ဆုချီးမြှင့်စဉ်။ (၀၁၂)

ဆုချီးမြှင့်

ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က အင်းစိန်မြို့နယ် ပင်မတောင်ခန်းမ၌ကျင်းပရာ ပထမဆုရရှိသော အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်မှ မရတနာထွန်းနိုင်အား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး ဆုတံဆိပ်နှင့်ငွေသားချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆွေးနွေး

ပူတာအို မတ် ၂

ပူတာအိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ခရိုင်လဝကမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲစခန်းမှူး၊ မြို့နယ်စည်ပင်လက်ထောက်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်မှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲက ပူတာအိုမြို့မဈေးနှင့် နံနက် ၁၁ နာရီတွင် လေယာဉ်ကွင်းဈေးများသို့ သွားရောက်၍ ဈေးများအတွင်း မီးအသုံးပြုမှုအခြေအနေများကို စစ်ဆေးသည်။

ထို့နောက် ဈေးကော်မတီများ၊ ဈေးသူဈေးသားများနှင့်တွေ့ဆုံ၍ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးများကိုစနစ်တကျအသုံးပြုရန်၊ မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးများကို အချိန်မရွေးအသုံးပြုနိုင်ရန်၊ လုံလုံလောက်လောက်စီစဉ်ထားရှိရန်၊ မီးသတ်ဆေးဘူးများထားရှိရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၂

ဒို့တက်လမ်းစာကြည့်တိုက် ထန်းတပင်မြို့နယ်၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာတွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီခွဲက ဒို့တက်လမ်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းညွှန့်တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(ယာပုံ)

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါစာကြည့်တိုက်သို့ ရန်ကုန်တိုင်းဒေသကြီးမှ လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းညွှန့်ကလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှလှူဒါန်းသည့် စာအုပ်စာစောင်အုပ်ရေ ၁၀၀ ကို မြို့နယ်ဦးစီးမှူးက ပေးအပ် လှူဒါန်းရာစာကြည့်တိုက်မှူး ဦးမြတ်မင်းဦးကလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်က ဂျာနယ်မျိုးစုံလှူဒါန်းရာ စာကြည့်တိုက်အတွင်းရေးမှူးဦးဆန်းလွင်ထွန်းကလည်းကောင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အလင်းရောင်စာကြည့်တိုက် ညောင်လေးပင်၌ဖွင့်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျဘန်းကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟစိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နီနီဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်က သုတရသစာအုပ် ၁၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတရသ စာအုပ် ၁၀၀ နှင့် ငွေပဒေသာပင် ငွေကျပ် ၅၀၀၀၊ ဦးဌေးဝင်း မိသားစုက အလှူငွေကျပ် ၁၅၀၀၀ ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူကြသည်။

အဆိုပါစာကြည့်တိုက်သည် ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်ခြောက်သိန်းနှင့် ကျေးရွာပြည်သူနှင့် စေတနာရှင်များက ထည့်ဝင်လှူဒါန်းငွေကျပ် သိန်း၂၀ တို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

ဧဝရက်တောင်အမြင့် ပြန်လည်တိုင်းတာမည်

ကောင်းမြတ်သူ ရေးသားသည်

ခတ္တမန္ဒူ မတ် ၂

ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သည့် ဧဝရက်တောင်၏အမြင့်ကို ပြန်လည်တိုင်းတာရာတွင် နိုင်ငံတကာမှ အကူအညီရလိုကြောင်း နီပေါတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားလိုက်သည်။

အငြင်းပွား

နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အကြားရှိ အဆိုပါကမ္ဘာ့အမြင့်ဆုံး တောင်၏ အမြင့်အတိုင်းအတာကို တွက်ချက်ခဲ့ကြရာတွင် ကာလ ကြာရှည်စွာ အငြင်းပွားခဲ့ကြသည်။ နီပေါနိုင်ငံက ၂၀၁၀ ခုနှစ်က ဤ တောင်ထိပ်၏ အမြင့်ကို တိုင်းတာ ခဲ့ရာတွင် ၈၈၄၈ မီတာ (၂၉၀၂၉ ပေ) ရှိသည်ဟု ဆိုသည်။ သို့သော်လည်း တရုတ်နိုင်ငံဘက်က တိုင်းတာခဲ့ရာတွင် နီပေါနိုင်ငံ ဘက်မှ တိုင်းတာမှု အမြင့်ထက် ၄ မီတာ လျော့နေသည်။

တရုတ်နိုင်ငံက ဧဝရက် တောင်အမြင့်ကို ပြန်လည်တိုင်းတာ သင့်ကြောင်း တိုက်တွန်းထားသည်။ နီပေါနိုင်ငံက ယင်းတိုင်းထာမှု လုပ်ငန်းအတွက် နိုင်ငံတကာ အကူအညီရရှိရန် မျှော်လင့်ထားကြောင်း တိုင်းတာရေးတာဝန်ရှိသူများက ပြောကြားသည်။

မေတ္တာရပ်ခံ

တရုတ်နှင့် နီပေါနိုင်ငံတို့၏ အဆိုပါတောင်ထိပ်အမြင့်ကို အငြင်းပွားမှု အဆုံးသတ်ရန် နိုင်ငံတကာ အလှူရှင်များအား ရန်ပုံငွေလှူဒါန်းကြရန် နီပေါနိုင်ငံက မေတ္တာရပ်ခံထားသည်။

လာမည့် သုံးနှစ်တာကာလ အတွင်း ဧဝရက်တောင်၏အမြင့် တိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးရန် ပြင်ဆင်လျက်ရှိကြောင်း နီပေါတောင်တန်း တိုင်းတာလေ့လာရေး ညွှန်ကြားရေးမှူးချုပ် ခရစ်ရှ်နားရာဘီစီက ပြောကြားသည်။

အပူချိန်

ဤတောင်တန်းတိုင်းတာရေး အတွက် နည်းပညာများနှင့် ရန်ပုံငွေ များလိုအပ်နေကြောင်းလည်း ၎င်းက ပြောကြားသည်။ ယင်းတောင်ထိပ် တွင် အပူချိန် -၄၅ ဒီဂရီဆဲလ်စီးရပ်စ် ရှိသည်။ **(အပေါ်ပုံ)** လုပ်ငန်းများ လုပ်ကိုင်ရန် အခက်အခဲများစွာရှိ သည်ဟု ဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း **နိုင်ငံတကာအားကစား**

မောင်မောင်မြင့်ဆွေ - ရေးသားသည်

၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန်၌

အီရတ်၊ ဂျော်ဒန်၊ တောင်ကိုရီးယားတို့ ခြေစစ်ပွဲအောင်

ပေကျင်း မတ် ၂

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ အာရှဇုန် ခြေစစ်ပွဲများကို မတ် ၁ ရက် နံနက်က ယှဉ်ပြိုင် ကစားရာ အုပ်စု(က)မှ အီရတ်နှင့် စင်ကာပူအသင်းတို့ပွဲတွင် အီရတ်က ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်ခဲ့ပြီ ဖြစ်သည်။ **(ယာပုံ)**



အီရတ်အသင်းအတွက် ဂိုးများကို ပွဲချိန် ငါးမိနစ်၌ ဂျက်ဆမ်က တစ်ဂိုး၊ ပွဲချိန် ၁၁ မိနစ်၊ ၆၂ မိနစ်နှင့် မိနစ် ၉၀ တို့တွင် မာမွတ်တစ်ဦးတည်း သုံးဂိုးသွင်းယူပြီး ဟက်ထရစ် ရရှိခဲ့သည်။ ထို့နောက် ၂၂ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် မိုဟာမက်က တစ်ဂိုး၊ ၃၄ မိနစ်၌ ပယ်နယ်တီမှ တစ်ဆင့် အက်ရမ်းက တစ်ဂိုး၊ ၄၈ မိနစ်၌ မာမွတ်က တစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။ စင်ကာပူအတွက် ချေပဂိုးတစ်ဂိုးကို ၂၇ မိနစ်၌ မာလင်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တစ်ဖန် အုပ်စု(က)မှ တရုတ်နှင့် ဂျော်ဒန်တို့ပွဲတွင် တရုတ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ဂျော်ဒန်အသင်းက ခြောက်ပွဲကစား လေးပွဲနိုင် ၁၂ မှတ်ဖြင့် ခြေစစ်ပွဲကို ဒုတိယနေရာမှ အောင်မြင်ခဲ့သည်။

အာရှဇုန် အုပ်စု(ခ)မှ တောင်ကိုရီးယားနှင့် ကူဝိတ်တို့ပွဲတွင် တောင်ကိုရီးယားက နှစ်ဂိုးပြတ်အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ပြီဖြစ်သည်။ တစ်ဖန် ယူအေအီးနှင့် လက်ဘနွန်တို့ပွဲတွင် ယူအေအီးက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း လက်ဘနွန်က ခြောက်ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၁၀ မှတ်ရရှိကာ အုပ်စု(ခ) တွင် ဒုတိယနေရာမှ ခြေစစ်ပွဲအောင်ခဲ့သည်။

အာရှဇုန်အုပ်စု (ဂ)မှ ဂျပန်နှင့် ဥဇဘက်ကစ္စတန်တို့ပွဲတွင် ဂျပန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သော် လည်း ခြောက်ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၁၀ မှတ်ရရှိကာ အုပ်စု(ဂ)၌ ဒုတိယနေရာမှ ခြေစစ်ပွဲအောင် ခဲ့သည်။ ထို့အတူ အုပ်စု (ဂ)တွင် ဥဇဘက်ကစ္စတန်တို့လည်း ခြောက်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၁၆ မှတ်ရရှိကာ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

တစ်ဖန် အာရှဇုန်အုပ်စု (ဃ)တွင် ဩစတြေးလျနှင့် အိုမန်၊ အုပ်စု (င) တွင် အီရန်နှင့် ကာတာအသင်းတို့ ခြေစစ်ပွဲအောင်ခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

မြင်နေတော့လည်း ပြောရပြန်ပြီ

ကိုရွှေမောင်း - ရေးသားသည်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့သည် ကမ္ဘာလှည့်ခရီးသည်များ အဓိကဝင်ထွက်ရာ ပင်မတံခါးပေါက်ကြီးဖြစ်သည်။ တိုင်းပြည်၏ ပွင့်လင်းမြင်သာမှုရှိလာသော နိုင်ငံရေးအပြောင်းအလဲများကြောင့် ကမ္ဘာလှည့်ခရီးသည်များ ယခင်နှစ်များကထက် များပြားစွာ လာရောက်ကြသည်ကို တွေ့နေရသည်။ ကမ္ဘာလှည့်ခရီးသည်များ အဓိကသွားလာလည်ပတ်ရာနေရာ ဖြစ်သည့် ရန်ကုန်မြို့လယ်တွင် နေ့ရောညပါ အမြဲတွေ့နေရသည်။

ဆေးသုတ်မွမ်းမံ

ရန်ကုန်မြို့ကို ခေတ်မီသပ်ရပ်လှပနေစေရန်အတွက် တာဝန်ရှိ အဖွဲ့အစည်းများက လမ်းသစ်များခင်းခြင်း၊ လူသွားစင်္ကြံများပြုပြင်ခြင်း၊ ကားမှတ်တိုင်များ အသစ်တည်ဆောက်ခြင်း၊ ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးခြင်းနှင့် တိုက်တာအဆောက်အအုံ ဆေးသုတ်မွမ်းမံခြင်း များကို ပြုလုပ်လျက်ရှိသည်။

မကြာမီရက်ပိုင်းအတွင်းက နိုင်ငံသားတစ်ယောက်အနေဖြင့် ဂုဏ်ယူဝင့်ကြွားရမည့် မြင်ကွင်းလေးတစ်ခုနှင့် ဂုဏ်သိက္ခာကျဆင်းစေမည့် မြင်ကွင်းလေးတစ်ခုကို နာရီပိုင်းခြားလေးတွင်ပင် မြင်တွေ့လိုက်ရသည်။

ဂုဏ်ယူရမည့်မြင်ကွင်းမှာ စစ်ကျန်ဘတ်စ်ကား(ဗိုက်ပူ)တစ်စီးကို အဆင့်မြင့်ပြုပြင်မွမ်းမံကာ ကမ္ဘာလှည့်ခရီးသည်များ အံ့သြဝမ်းသာမှုရှိစေရန် Tour Bus အဖြစ် အသုံးပြု၍ ကမ္ဘာလှည့်ခရီးသည်များအား ကြိုပို့ပေးနေသည့် မြင်ကွင်းဖြစ်သည်။ မိမိတွင်ရှိသော ရှေးဟောင်းပစ္စည်းတစ်ခုဖြင့် တိုင်းပြည်၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတွင် အားကြိုးမာန်တက် ဆောင်ရွက်ပေးနေသည်မှာ တိုင်းပြည်အတွက် ဂုဏ်ယူဖွယ်ရာ လုပ်ရပ်တစ်ခုဟု ထင်မြင်မိသည်။

ဂုဏ်သိက္ခာကျဆင်းစေမည့်ဖြစ်စဉ်မှာ ၁၉၉၀ နောက်ပိုင်းတွင်မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော City Bus လိုင်းကားကြီး တစ်စီးဖြစ်သည့် တာမွေ-မော်တင် ***စာမျက်နှာ ၈ ကော်လံ ၄*** ◆

မြန်မာ့အလင်း **နိုင်ငံတကာအနုပညာ**

➤ မြင့်မောင်စိုး - ရေးသားသည် ➤

ကမ္ဘာကျော်အဆိုတော် ဖလောရင့် NME ဂီတဆုနှစ်ဆုဆွတ်ခူး

လန်ဒန် မတ် ၂

ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှာ မတ် ၁ ရက်က NME လို့ခေါ်တဲ့ ဂီတဆုပေးပွဲကြီး ကျင်းပခဲ့ပါတယ်။ ဒီဆုပေးပွဲမှာ ဗြိတိသျှနာမည်ကျော် အဆိုတော် ဖလောရင့်ဝက်ချ်**(ဝဲပုံ)** နဲ့ The Machine တို့က ယခုနှစ် အတွက် အကောင်းဆုံးဂီတဆု နှစ်ဆုစီ ဆွတ်ခူးသွားကြပါတယ်။

အဆိုတော် ဖလောရင့်ဝက်ချ်ဟာ ဒီဆုပေးပွဲမှာ အကောင်းဆုံး တစ်ကိုယ်တော်ဂီတပညာရှင်ဆု(Best Solo Artist)ဆုနဲ့ အကောင်းဆုံး သီချင်းဆု (Best Track)တို့ကို ဆွတ်ခူးခဲ့ခြင်းဖြစ်ပါတယ်။

အဆိုတော် ဖလောရင့်ရဲ့ အသက်ဟာ ၂၅ နှစ်ရှိပါပြီ။ သူမဟာ ဗြိတိန်နိုင်ငံမှာသာမက ကမ္ဘာမှာပါလူသိများတဲ့ အဆိုတော် တစ်ဦးဖြစ်ပါတယ်။ အဆိုတော် ဖလောရင့်ဟာ အကောင်းဆုံးသီချင်းဆုကိုတော့ Shake it out လို့ အမည်ရတဲ့သီချင်းနဲ့ဆု ဆွတ်ခူးရရှိခဲ့တာ ဖြစ်ပါတယ်။

ဒီ NME ဂီတဆုပေးပွဲမှာ အကောင်းဆုံးဗြိတိသျှ တီးဝိုင်းဆု (Best British Band) ကိုတော့ ကာဆက်ဘီယန်က ဆွတ်ခူးသွားပါတယ်။

အကောင်းဆုံး နိုင်ငံတကာတီးဝိုင်းဆုကိုတော့ ဖူးဖိုက်တာအဖွဲ့က ဆွတ်ခူးသွားခဲ့ပါတယ်။ အကောင်းဆုံးတေးအယ်လ်ဘမ်ဆုကိုတော့ The Horrors အဖွဲ့က Skying လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ ဆွတ်ခူး နိုင်ခဲ့ပါတယ်။ **(အင်တာနက်)**

ဂေါက်သီးရိုက်စက်ရုပ် ထုတ်လုပ်

မောင်ချစ်ကြည် - ရေးသားသည်

နယူးယောက် မတ် ၂

အပန်းဖြေရန်နှင့် ကျန်းမာရေး အတွက် အထောက်အကူပြုစေရန် ဂေါက်သီးရိုက်ကစားသူများအတွက် အဖော်ပြု ကစားပေးနိုင်မည့် ဂေါက်သီးရိုက်ကစားသမားစက်ရုပ် တစ်မျိုး **(အပေါ်ပုံ)**ကို အမေရိကန် နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် လာဘိုရာတိုရဇ်စ် ကုမ္ပဏီက ထုတ်လုပ်လိုက်ပြီဖြစ် ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်၌ သတင်းထုတ်ပြန်သည်။

၎င်းကုမ္ပဏီသည် ၁၉၉၀ ခုနှစ် ကတည်းက စက်ရုပ်နည်းပညာ များကို အခြေခံပြီး ဂေါက်သီးရိုက် ကစားသမားစက်ရုပ်ကို ထုတ်လုပ်ရန် စတင်လေ့လာသုတေသနပြုခဲ့ ခြင်းဖြစ်သည်။ အဆိုပါစက်ရုပ်၏ အမည်ကို အိုင်းရွန်းဘိုင်ရွန်ဟု အမည်ပေးထားသည်။

ယင်းဂေါက်သီးရိုက် ကစား သမားစက်ရုပ်သည် ဂေါက်သီးရိုက် ကစားရာတွင် အရှိန်သုံးမျိုးဖြင့် ရိုက်နိုင်သည်။ ၎င်းအရှိန်များမှာ ကျင်းစိမ်ရာတွင် အသုံးပြုသည့် ဖြည်းညင်းစွာ လက်လွှဲရိုက်နိုင်သော အရှိန်၊ အတော်အတန်အကွာအဝေးမှ ကျင်းစိမ်ရာတွင် လက်လွှဲရိုက်နိုင်သော အလယ်အလတ်အရှိန်နှင့် ***စာမျက်နှာ ၈ ကော်လံ ၆*** ❐

လူကုန်ကူးမှုဆိုင်ရာ သတင်းများ ဆက်သွယ်ပေးပို့နိုင်

နိုင်ငံတော်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်း ပါဝင်လာစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း- ၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း- ၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း- ၀၉-၄၉၅၅၅၇၇၇ နှင့် ရန်ကုန်မြို့ ဖုန်း ၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့ဖြစ်ကြောင်း သိရှိရသည်။